# အသစ်မြင်မြန်မာပြည်ငြိမ်းချမ်းရေး

## ငြိမ်းချမ်းရေးလုပ်ငန်းစဉ်သုံးသပ်ချက်



မောင်မောင်စိုး

ရွှေနှင်းစာပေ

# တရုတ်နိုင်ငံခြားရေးပေါ်လစီနှင့် မြန်မာ့ငြိမ်းချမ်းရေး

## တရုတ်ပေါ်လစီ

တရုတ်တို့ သည် မြန်မာပြည် အပါအဝင် နိုင်ငံခြား တိုင်းပြည်များ နှင့် ဆက်ဆံရာတွင် မည်သို့ ဆက်ဆံမည်ဆိုသည့် ပေါ်လစီချမှတ်ရာတွင် လည်းကောင်း၊ ပေါ်လစီကို ကိုင်တွယ် ဖော်ဆောင်ရာတွင် လည်းကောင်း၊ ယူနစ်သုံးခုဖြင့် ဆောင်ရွက်သည် ကို တွေ့ရသည် ။

အဓိက ပင်မယူနစ်မှာ တရုတ် ကွန်မြူနစ်ပါတီ နိုင်ငံတကာ ဆက်ဆံရေးဌာနကြီးဟု ဆိုရမည်။ အဆိုပါ ဌာနသည် တရုတ် ကွန်မြူနစ်ပါတီ ၏ ပေါ်လစီကို အကောင်အထည် ဖော်သည့် ဌာန ဖြစ်သည် ။ တရုတ်ပြည်၌ အစိုးရနှင့် တရုတ် လွတ်မြောက်ရေး တပ်မတော်တို့ သည် တရုတ် ကွန်မြူနစ် ပါတီ၏ ခေါင်းဆောင်မှုအောက်တွင် ရှိနေပေရာ ပါတီ၏ နိုင်ငံတကာ ဆက်ဆံရေး မူဝါဒ၊ မြန်မာပြည်နှင့် ပတ်သက်သော ပေါ်လစီသည် အရေးပါဆုံး ဖြစ်သည် ။

တရုတ် ကွန်မြူနစ်ပါတီသည် ပါတီချင်း ဆက်ဆံရေးကို အဓိက တာဝန်ယူပြီး အာဏာရ ပါတီရော၊ မရသည့်ပါတီပါ ဆက်ဆံခွင့် ရှိသည် ။ မည်ကဲ့သို့ ဆက်ဆံမည်ဆိုသည် ကို အဓိက ဆုံးဖြတ်ပေးသည့် ယူနစ်ဖြစ်

သည် ။

ဒုတိယယူနစ်မှာ အစိုးရ၏ နိုင်ငံခြားရေး ဝန်ကြီးဌာန ဖြစ်သည် ။ ထိုဌာနသည် တရားဝင် အစိုးရချင်း ဆက်ဆံရေးကို အဓိကထားသည် ။ အစိုးရချင်း ခင်မင်ရင်းနှီးသော ဆက်ဆံရေးအပြင် ယနေ့ကာလ၌ လက်တံရှည်လာသော တရုတ်၏ စီးပွားရေးလုပ်ငန်းများ ၊ ရင်းနှီးမြှုပ်နှံမှုများ နှင့် အနာဂတ် တရုတ်စီးပွားရေး သေနင်္ဗျူဟာများကို အလေးထားသည့် ပေါ်လစီနှင့် ခြေလှမ်းများကို ဆောင်ရွက်သည် ။

တတိယယူနစ်မှာ တရုတ် လွတ်မြောက်ရေး တပ်မတော် ဖြစ်သည် ။ တရုတ် လွတ်မြောက်ရေး တပ်မတော်၌ ကမ္ဘာ့ ဒေသအသီးသီးနှင့် ပတ်သက်၍ ဆက်စပ် သုံးသပ်မှုလုပ်သည့် နိုင်ငံတကာဌာန ရှိသည် ။ မြန်မာပြည်နှင့် ပတ်သက်၍ အရှေ့တောင်အာရှ ဌာနအောက်တွင် ထားရှိသည် ။ မြန်မာပြည်နှင့် နယ်နိမိတ်ချင်း မိုင်ထောင်ချီ ဆက်စပ်နေပေရာ တရုတ်တပ်မတော်၏ အဓိက အာရုံစိုက်မှုမှာ တရုတ်နယ်စပ် လုံခြုံရေးကို အလေးထား၍ သူ၏ ပေါ်လစီနှင့် ခြေလှမ်းများကို ဆောင်ရွက်သည် ။

သို့ဖြစ်ရာ တရုတ်တို့ ၏ မြန်မာပြည်နှင့် ပတ်သက်သည့် ပေါ်လစီနှင့် ပတ်သက်၍ တရုတ် ကွန်မြူနစ်ပါတီ၊ နိုင်ငံတကာ ဆက်ဆံရေးဌာနသည် အခရာဖြစ်ပြီး ကျန်နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် လွတ်မြောက်ရေး တပ်မတော်တို့ သည် လည်း သူ့အခန်းကဏ္ဍနှင့်သူ ပါဝင် ဆောင်ရွက်ကြသည် ဟု ဆိုရပါမည်။

## နိုင်ငံတကာဆက်ဆံရေးဌာန

၁၉၆၆ ခုနှစ် တရုတ်ပြည် ယဉ်ကျေးမှု တော်လှန်ရေးကာလ နောက်ပိုင်း တရုတ် ကွန်မြူနစ်ပါတီ၏ ပေါ်လစီသည် နိုင်ငံတကာ အဖိနှိပ်ခံ ပြည်သူများအား ကူညီရေး၊ မြန်မာပြည်နှင့် ပတ်သက်၍ ဗမာပြည် ကွန်မြူနစ် ပါတီအား ကူညီရေး ဖြစ်သည် ။ ထိုကာလက နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် လွတ်မြောက်ရေး တပ်မတော်၏ အခန်းကဏ္ဍသည် နောက်သို့ ရောက်နေပြီး ပါတီ၏ နိုင်ငံတကာ ဆက်ဆံရေးဌာနက ရှေ့တန်းရောက် သည် ။

ဗမာပြည် ကွန်မြူနစ်ပါတီအား ကူညီပံ့ပိုးမှုများ အားလုံးကို နိုင်ငံတကာ ဆက်ဆံရေးဌာနက တာဝန်ယူလုပ်ဆောင်ပြီး လွတ်မြောက်ရေး တပ်မတော်က ကူညီ ပံ့ပိုးပေးရသည် ။ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် တရုတ်သံအမတ်တို့ ၏ အစိုးရချင်း ဆက်ဆံရေးသည် အေးစက်သည် ။ တရုတ်သံရုံး ညှော့ခံပွဲများ တွင် မြန်မာအစိုးရနှင့် တပ်မတော်မှ အရာရှိများကို မတွေ့ရဘဲ ဒီမိုကရက်များ ၊ လက်ဝဲသမားများ ၊ အတိုက်အခံများ ပြည့်လျှံနေသော ကာလဟု ဆိုရပေမည်။

သို့သော် ၁၉၇၇ ခုနှစ် တိန့်ရှောက်ဖင် တက် လာပြီးနောက် တရုတ်တို့ ၏ ပေါ်လစီသည် သိသိသာသာ ပြောင်းလဲလာသည် ။ ၁၉၈၀ ခုနှစ်မှ စ၍ ဗမာပြည် ကွန်မြူနစ်ပါတီအား ထောက်ပံ့မှု လျှော့ချ လာပြီး ၁၉၉၀ ခုနှစ်မှ စ၍ အစိုးရချင်း ဆက်ဆံသည့် ပေါ်လစီသည် ဦးစားပေး ပြောင်းလဲလာသည် ။ တရုတ် ကွန်မြူနစ်ပါတီ နိုင်ငံတကာ ဆက်ဆံရေးဌာန၏ အခန်းကဏ္ဍကို လျှော့ချခဲ့ပြီး အစိုးရ အုပ်ချုပ်ရေးပိုင်းနှင့် နိုင်ငံခြားရေး ဝန်ကြီးဌာန၏ ဆက်ဆံရေးဌာနက ရှေ့တန်း ရောက်လာသည် ။ တရုတ် နယ်စပ်ရှိ ယခင် ဩဇာနှင့် လုပ်ပိုင်ခွင့် ကြီးမားသည့် တရုတ်ပါတီ၏ နိုင်ငံတကာ ဆက်ဆံရေးဌာနများ ဖွဲ့စည်းမှုများ လျှော့ချခဲ့ပြီး ပြောင်းလဲ ဖွဲ့

စည်းမှုများ ပြုလုပ်ခဲ့သည် ကို တွေ့ရသည် ။

သို့သော် အရေးပါသည့် အချိန်တိုင်း၊ အထူးသဖြင့် မြန်မာပြည်တွင်း နိုင်ငံရေး အပြောင်းအလဲများ ရှိသည့် အချိန်တိုင်း တရုတ်ပါတီ၏ နိုင်ငံတကာ ဆက်ဆံရေးဌာနသည် ထွက်ပေါ် လှုပ်ရှားသကဲ့သို့ တရုတ်-မြန်မာ နယ်စပ်တွင် လည်း တရုတ် ကွန်မြူနစ်ပါတီ နိုင်ငံတကာ ဆက်ဆံရေးဌာန၏ လက်တံများအား (ယခင် ယဉ်ကျေးမှု တော်လှန်ရေးအပြီး ကာလကဲ့သို့ ဖွဲ့စည်းပုံ ကြီးမားစွာ မထားတော့သော်လည်း ) ထားရှိဆဲ ဖြစ်သည် ။ ဆိုလိုသည် မှာ ပြောင်းလဲလာသော မြန်မာပြည် နိုင်ငံရေးအခြေအနေနှင့် ကိုက်ညီအောင် ရွေ့ဆောင်သည် ကတော့ တရုတ်ပါတီ၏ နိုင်ငံတကာရေးရာဌာန ဖြစ်ကြောင်း ရှင်းလင်းစွာ တွေ့မြင်နိုင်သည် ။

၂၀၁၅ ခုနှစ် နှစ်လယ်အတွင်း အတိုက်အခံ ခေါင်းဆောင်တစ်ဦး အဖြစ်သာ ရှိနေသေးသော ဒေါ်အောင်ဆန်းစုကြည်အား တရုတ်ပြည်သို့ ဖိတ်ခေါ်ခြင်းသည် တရုတ်ပါတီ နိုင်ငံတကာ ဆက်ဆံရေးဌာနမှ စီစဉ်ခဲ့ခြင်း ဖြစ်သည် ။ ပါတီချင်း ဆက်ဆံရေးအဖြစ် တစ်လျှောက်လုံး အတိုက်အခံအဖြစ် ရှိခဲ့သည့် NLD ပါတီ ခေါင်းဆောင်လည်း ဖြစ်၊ အနောက်အုပ်စုနှင့် ရင်းနှီးသော ခေါင်းဆောင်လည်း ဖြစ်သူအား ရွေးကောက်ပွဲရလဒ် မသိမီ၊ အစိုးရ မဖွဲ့နိုင်မီ တရုတ်တို့ ဖိတ်ခေါ် တွေ့ဆုံခြင်းသည် ၁၉၉၀ ခုနှစ် နောက်ပိုင်းမှ စ၍ နောက်ရောက်နေခဲ့သော တရုတ်ပါတီ နိုင်ငံတကာ ဆက်ဆံရေးဌာန၏ ခြေလှမ်းတစ်ရပ် ဖြစ်သည် ။

ထိုသို့ တရုတ်ခေါင်းဆောင် မစ္စတာရှီကျင့်ပင်နှင့် ဒေါ်အောင်ဆန်းစုကြည်တို့ တွေ့ဆုံမှုသည် ၁၉၉၀ မှ စ၍ စစ်အစိုးရနှင့် ကြွံခိုင်ရေးကိုသာ မျက်နှာမူထားခဲ့သည့် တရုတ်အစိုးရ ပေါ်လစီ အချိုး

အကွေ့ ဖြစ်သည် ။ ထိုတွေ့ဆုံမှုအပြီး နိုင်ငံခြားရေး ဝန်ကြီးဌာနက မြန်မာနိုင်ငံဆိုင်ရာ တရုတ် သံအမတ်ကြီးအား လဲလှယ်လိုက်သည် ကို တွေ့ရသည် ။ မှူသစ်အတွက် လူအသစ် လဲလှယ်လိုက်ပုံ ရသည် ။

တကယ်တမ်းဆိုလျှင် ၂၀၁၀ ခုနှစ် နောက်ပိုင်းမှ စ၍ တရုတ်ပါတီသည် မြန်မာပြည်တွင်းရှိ နိုင်ငံရေးပါတီ အားလုံးအား စတင် ဆက်ဆံလာခဲ့ပြီ ဖြစ်သည် ။ မြန်မာပြည် အခြေအနေကို လေ့ လာပြီး ၄င်းတို့ ၏ ပေါ်လစီကို မြန်မာပြည်နှင့် လိုက်လျောညီထွေ ပြောင်းလဲခဲ့သည် ဟု ဆိုရမည်။ သို့သော် တရုတ်ပါတီ၏ ပါတီချင်း ဆက်ဆံရေးသည် ယခင် ဗမာပြည် ကွန်မြူနစ်ပါတီနှင့် ဆက်ဆံခဲ့သည့် ညီနောင်ပါတီ ဆက်ဆံရေးမျိုးမည်သည့်ပါတီနှင့်မျှ မရှိတော့ဘဲ သာမန် နိုင်ငံရေး ပါတီချင်း ဆက်ဆံရေးမျိုးသာ ဖြစ်ပေတော့သည် ။

တရုတ်ပါတီ နိုင်ငံတကာ ဆက်ဆံရေးဌာနသည် ပါတီချင်း ဆက်ဆံရေးကိုသာ တိုက်ရိုက် ကိုင်တွယ်သည် မဟုတ်ဘဲ၊ ပြောင်းလဲလာသော နိုင်ငံတကာ အခြေအနေများ နှင့်အညီ NGO အမည်ခံ အရပ်ဘက် အဖွဲ့အစည်းများကိုလည်း ဦးဆောင်ဦးရွက် ပြုထားသည် ။ ၂၀၀၅ ခုနှစ် အောက်တိုဘာမှ စ၍ တရုတ် NGO ဆိုသည် များကို တရုတ်ပါတီ နိုင်ငံတကာ ဆက်ဆံရေးဌာန၏ အောက်တွင် စတင် ဖွဲ့စည်းခဲ့ပြီး ၂၀၁၅ ခုနှစ်အထိ NGO အဖွဲ့ပေါင်း ၆၃ ဖွဲ့ရှိပြီး အားလုံးကို Network တစ်ခုတည်းဖြင့် ချိတ်ဆက်ထားသည် ဟု ဆိုပါသည် ။

ထို NGO များမှ တစ်ဆင့် မြန်မာပြည်နှင့်လည်း ချိတ်ဆက်၍ ညီလာခံများ ကျင်းပခြင်း၊ အကူအညီများ ပေးခြင်းတို့ ကို လုပ်ဆောင်လျက် ရှိသည် ။ မြန်မာပြည်သို့ တရုတ်ပါတီ ခေါင်းဆောင်များ နှင့်အတူ လာရောက်ပြီး အကူအညီ ပေးလေ့ရှိသော တရုတ် NGO မှာ တရုတ် ငြိမ်းချ

မ်းရေးနှင့် ဖွံ့ဖြိုးရေးဖောင်ဒေးရှင်း (China Peace and Development Foundation) ဖြစ်သည် ။

## တရုတ်အစိုးရနှင့် နိုင်ငံခြားရေးဝန်ကြီးဌာန

မြန်မာပြည်နှင့် အစိုးရချင်း ဆက်ဆံရေးတွင် နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်တို့ က ရှေ့တန်းရောက်သည် ။ တရုတ်ပြည် လွတ်မြောက်သည့် ၁၉၄၉ ခုနှစ်နောက်ပိုင်း တရုတ်နှင့် သံတမန် အစောဆုံး ဆက်သွယ်သည့် နိုင်ငံများ ထဲတွင် မြန်မာနိုင်ငံ ပါဝင်သည် ။ ဖဆပလ အစိုးရခေတ် ကာလတစ်လျှောက် တရုတ်-မြန်မာ အစိုးရချင်း ဆက်ဆံရေး ကောင်းမွန်ခဲ့ပြီး နိုင်ငံတကာ ဆက်ဆံရေးတွင် ဘက်မလိုက်ရေး မူဝါဒ ဘန်ဒေါင်းမူ ငါးချက်တို့ ချမှတ်ရာတွင် တရုတ်နှင့် မြန်မာအစိုးရတို့ ပူးပေါင်း ဆောင်ရွက်နိုင်ခဲ့သည် ။

ထို့နောက် ၁၉၆၆ ခုနှစ် နောက်ပိုင်းမှ စ၍ တရုတ်-မြန်မာ အစိုးရချင်း ဆက်ဆံရေး အေးစက်ခဲ့သည် ။ ရန်ကုန်ရှိ တရုတ်သံရုံး ညှိခံပွဲများ တွင် မြန်မာအစိုးရ အရာရှိများ မတွေ့ကြရတော့။ တရုတ်ပေါ်လစီ၌ နိုင်ငံခြားရေး ဝန်ကြီးဌာန နောက်ရောက်နေသည့် ကာလဟု ဆိုရမည်။ ၁၉၉၀ ခုနှစ်၌ တရုတ်သံအမတ်ကြီးသည် ၁၉၉၀ ရွေးကောက်ပွဲ နိုင် NLD ပါတီ ခေါင်းဆောင်များ နှင့် တွေ့ဆုံခဲ့သော်လည်း နောက်ပိုင်းတွင် နဝတ အစိုးရဘက်သို့ မျက်နှာ မူလိုက်ပြီးနောက် တရုတ်အစိုးရ နိုင်ငံခြားရေး ဝန်ကြီးဌာနသည် မြန်မာအစိုးရနှင့် ဆက်ဆံရေးတွင် ရှေ့တန်း ရောက်လာသည် ။

တရုတ်သံရုံး ညှိခံပွဲများ တွင် အတိုက်အခံများကို မတွေ့ရတော့ဘဲ

စစ်ဗိုလ်ချုပ်များ ၊ အစိုးရ အရာရှိများကိုသာ တွေ့ရသည့် ကာလများ ဖြစ်ခဲ့သည် ။ အစိုးရချင်း ဆက်ဆံရေးတွင် တရုတ်တို့ အလေးပေးခဲ့သည်မှာ မြန်မာပြည်တွင်း တရုတ်တို့ ၏ ရင်းနှီးမြှုပ်နှံမှုများ ၊ နှစ်နိုင်ငံ စီးပွားကုန်သွယ်မှုများ အပြင် ရေရှည် တရုတ်စီးပွားရေး သေနင်္ဗျူဟာများ အပေါ် အခြေခံသည် ။ ဤသို့ ရရှိသည့် တရုတ်တို့ ၏ စီးပွားရေးအကျိုးအမြတ်များ အပေါ် မူတည်ပြီး မြန်မာ စစ်ဘက်အား စစ်လက်နက်ပစ္စည်း ရောင်းချပေးရေး အပါအဝင် နိုင်ငံရေးအရ ကုလသမဂ္ဂ လုံခြုံရေးကောင်စီတွင် ဗီတိုသုံးစွဲခြင်းတို့ အား တရုတ်တို့ က ပြန်လည် ဆောင်ရွက်ပေးခဲ့သည် ။

၂၀၁၀ ခုနှစ်က စသည့် မြန်မာပြည် နိုင်ငံရေး အပြောင်းအလဲများ တွင် တရုတ်ပါတီ၏ နိုင်ငံတကာ ဆက်ဆံရေးဌာနမှ ပါဝင် ပတ်သက်လာသည် ကို တွေ့ရသော်လည်း တရုတ် နိုင်ငံခြားရေး ဝန်ကြီးဌာန၏ အခန်းကဏ္ဍသည် လျော့ကျသွားခြင်းတော့ မရှိပေ။ သို့သော် ပြင်ဆင်မှု အချို့တော့ ရှိခဲ့သည် ဟု ဆိုနိုင်သည် ။ ၂၀၁၀ ခုနှစ်မှ စ၍ တရုတ်သံရုံး ညှော့ခံပွဲများ တွင် အစိုးရအရာရှိများ ၊ စစ်ဘက် အရာရှိများ သာမက နိုင်ငံရေးပါတီပေါင်းစုံမှ သူများကိုလည်း တွေ့မြင်လာကြရ တော့သည် ။

## တရုတ်စစ်ဘက်

တရုတ်စစ်ဘက်တွင် အမြင့်ဆုံးမှာ ဗဟိုစစ်ကော်မရှင် ဖြစ်သည် ။ အစိုးရ ဖွဲ့စည်းပုံတွင် တော့ ကာကွယ်ရေး ဝန်ကြီးဌာနအဖြစ် ဖွဲ့စည်းထားသည် ။ တရုတ်တို့ ၏ ဖွဲ့စည်းပုံအရ တရုတ်စစ်တပ်သည် တရုတ်ကွန်မြူနစ်ပါတီ၏ လက်အောက်ခံ ဖြစ်သည် ။ တရုတ်စစ်တပ်သည် ပုံမှ

န်အားဖြင့် နိုင်ငံခြားရေးတွင် ပါဝင်သည် ဆိုသည် မှာ သူ၏ တိုင်းပြည် ကာကွယ်ရေး မူဝါဒပေါ်တွင် အခြေခံ၍ စဉ်းစားခြင်း ဖြစ်သည် ။

မြန်မာပြည်နှင့် ဆက်စပ်နေသည့် မိုင်ထောင်ချီ ရှည်လျားသည့် နယ်စပ်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်မှာ တရုတ်စစ်တပ်၏ တာဝန်ဖြစ်သည် ။ ထို့အတွက် နယ်စပ်လုံခြုံရေးဆိုင်ရာ မူဝါဒများကို တရုတ်စစ်တပ်က ကိုင်တွယ်သည် ဟု ဆိုရမည်။ ၁၉၆၈ ခုနှစ် တရုတ်ကွန်မြူနစ်ပါတီ မူဝါဒအရ တရုတ် နယ်စပ်တစ်လျှောက် ဗကပတပ်ဖွဲ့များ ပေါ် လာပြီး နောက် တရုတ်နှင့် ရင်းနှီးသည့်အပြင် တရုတ်၏ ထောက်ပံ့မှု ရယူထားသည့် ဗကပတပ်ဖွဲ့များ နယ်စပ်တစ်လျှောက် ရှိနေခြင်းသည် တရုတ်နယ်စပ် လုံခြုံရေးအတွက် ကြားခံဇုန်တစ်ခု ဖြစ်နေပေတော့သည် ။

၁၉၈၉ ခုနှစ်နောက်ပိုင်း ဗကပ ပြိုကွဲပြီးသည့်နောက် တိုင်းရင်းသားလက်နက်ကိုင် တပ်ဖွဲ့များ အဖြစ် ပြောင်းလဲလာခဲ့သော်လည်း ထိုတပ်ဖွဲ့များ သည် နဝတအစိုးရနှင့် အပစ်ရပ် ငြိမ်းချမ်းရေး ယူခဲ့သည့်ပြင် ထိုအဖွဲ့များ နှင့် တရုတ်ကြား မကင်းရာ မကင်းကြောင်း ဆက်ဆံရေး ရှိနေပေရာ တရုတ်စစ်တပ်ဘက်မှ ကြည့်လျှင် တရုတ်နယ်စပ် လုံခြုံရေးအတွက် ကြားခံဇုန် ရှိနေဆဲ ဖြစ်သည် ။ သို့ဖြစ်ရာ တရုတ်စစ်တပ်အတွက် ကြီးမားသည့် ပေါ်လစီ အပြောင်းအလဲ လုပ်စရာ မလိုခဲ့ပေ။

သို့သော် တရုတ်နယ်စပ်ရှိ လုံခြုံရေး အခြေအနေသည် ၂၀၀၉ ခုနှစ်မှ စ၍ အပြောင်းအလဲ စသည် ဟု ဆိုရမည်။ ၂၀၀၉ ခုနှစ်တွင် နအဖ၏ BGF နယ်ခြားစောင့်တပ် ပေါ်လစီနှင့်အတူ ကချင်ပြည်နယ်တွင်း တရုတ်နယ်စပ်ရှိ ပန်ဝါ၊ ကန်ပိုင်တီ ဒေသများ သည် နအဖအစိုးရ လက်အောက်ခံ နယ်ခြားစောင့်တပ်များ ဖြစ် လာပြီး ကိုးကန့်ဒေသတွင် လည်း ဖုန်ကြားစင်းတို့ အား မြန်မာစစ်ဘက်မှ အင်အားသုံး ဖယ်ရှားခဲ့ပြီးသည့်

နောက် ကိုးကန့်ဒေသနှင့် ပန်ဝါဒေသ နှစ်ခုတို့ ၌ လည်း ကြားခံဇုန် မရှိတော့ပေ။ ထို့အပြင် မုန်းကိုးဖောင်းဆိုင် ဒေသ၌ လည်း ၂၀၀၀ ခုနှစ်မှ စပြီး မြန်မာစစ်ဘက်မှ ဝင်ရောက် နေရာယူလာနိုင်ခဲ့ရာ တရုတ်နယ်စပ်တစ်လျှောက် လုံခြုံရေး အမြင်သက်သက်က ကြည့်လျှင် ကြားခံဇုန်များ တဖြည်းဖြည်း လျော့ပါးလာသည် ဟု ဆိုနိုင်သည် ။

ထို့ကြောင့်လည်း တရုတ်-မြန်မာ နယ်စပ်တစ်လျှောက် လုံခြုံရေး တာဝန်ယူထားသည့် တရုတ်စစ်တပ်အတွင်း ကြားခံဇုန်နှင့် ပတ်သက်၍ စဉ်းစားမှုများ ရှိသည် ဟု ဆိုရမည်။ ၂၀၁၅ နှစ်ဆန်းပိုင်းတွင် ဖြစ်ပွားခဲ့သည့် ကိုးကန့်စစ်ပွဲအတွင်း ကိုးကန့်အဖွဲ့အား ကူညီခဲ့၍ ရာထူးမှ ဖယ်ရှားခံခဲ့ရသည် ဟု ယူဆရသည့် ချင်တူးစစ်ဒေသမှ မဟာဗျူဟာ ရေးဆွဲသူ ဗိုလ်ချုပ် ဟွမ်ရှင်းနှင့် တရုတ် စစ်ဘက်အရာရှိကြီး လေးဦးခန့်သည် တရုတ်နယ်စပ် လုံခြုံရေးနှင့် ကြားခံဇုန် ထားရှိသင့်သည် ဆိုသည့် အယူအဆနှင့် ပတ်သက်နေသည် ဟု အကဲခတ်များက ဆိုကြသည် ။

မည်သို့ဆိုစေ ၂၀၀၉ ခုနှစ် နောက်ပိုင်းမှ စ၍ တရုတ် နယ်စပ်တစ်လျှောက် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွား လာပြီးနောက် တရုတ်နယ်စပ် လုံခြုံရေးအပေါ်တွင် အခြေပြုပြီး တရုတ်-မြန်မာ ဆက်ဆံရေးတွင် တရုတ်စစ်တပ်၏ အခန်းကဏ္ဍကို တွေ့ရသည် ။ ကိုးကန့်တိုက်ပွဲများ ပြင်းထန် လာပြီး တရုတ်ပိုင်နက်အတွင်း ဗုံးဆန်များကျ၍ တရုတ်နိုင်ငံသားများ ထိခိုက် သေဆုံးမှုများ ဖြစ်လာသောအခါ တရုတ်စစ်တပ် ထွက် လာပြီး တင်းတင်းမာမာ တုံ့ပြန်သည် ကို တွေ့ရသည် ။ တရုတ်နယ်စပ်တွင် လေယာဉ်ပျံသန်းခွင့် ပိတ်ခြင်း၊ ကျည်အစစ်ဖြင့် စစ်ရေး လေ့ကျင့်ခြင်းတို့ အား အချိန်အကန့်အသတ် မရှိ ပြုလုပ်ကြောင်း ကြေညာခြင်းတို့ ပြုလုပ်ခဲ့သည် ကို တွေ့ရပြီး ကိုးကန့်စစ်ရှိန် ကျသွားသည် ကို တွေ့ရသည် ။ သို့ဖြစ်ရာ ထိုအချိန်မှ စ၍ တရုတ်-မြန်မာ ဆက်ဆံရေးတွင် တရု

တ်စစ်တပ်၏ အခန်းကဏ္ဍ သည် ပေါ်လွင်လာသည် ဟု ဆိုရမည်။

## မြန်မာအစိုးရသစ်နှင့် ၂၀၀၈ ခြေဥ

တစ်ဖက်တွင် လည်း ၂၀၁၅ ရွေးကောက်ပွဲတွင် NLD ပါတီ အနိုင်ရပြီး ၂၀၁၆ မတ်လကုန်တွင် အာဏာ လွှဲပြောင်းယူသည် ။ ၂၀၀၈ အခြေခံဥပဒေအရ ရွေးကောက်ခံ အရပ်သားအစိုးရနှင့် တပ်မတော်တို့ ကြားတွင် လုပ်ပိုင်ခွင့်ကိုယ်စီ ရှိနေကြပြီး တပ်၏ အခန်းကဏ္ဍသည် အလွန် အရေးပါသည် ကို အားလုံး သိကြပြီး ဖြစ်သည် ။ စစ်ဗိုလ်ချုပ်ဟောင်းများ ဖြစ်ကြသော သမ္မတဦးသိန်းစိန်နှင့် ကြံ့ခိုင်ရေးပါတီ အစိုးရလက်ထက်တွင် ထိုပြဿနာသည် သိပ်မကြီးလှဟု ဆိုနိုင်သော်လည်း အရပ်သားစစ်စစ် NLD အစိုးရ လက်ထက်တွင် မူ ထိုပြဿနာသည် အတိမ်းအစောင်း မခံသည့် ပြဿနာ ဖြစ်လာသည် ။

မြန်မာပြည်နှင့် ဆက်ဆံနေသော သံတမန်အားလုံးသည် NLD အစိုးရနှင့် လည်းကောင်း၊ တပ်မတော်နှင့် လည်းကောင်း ဆက်ဆံ ပြုမူကြရသည် မှာ ရှောင်လွှဲ၍ မရသည့်၊ လက်တွေ့ကျသည့် ဖြစ်ရပ် ဖြစ်နေသည် ။ ဤသို့သော အခြေအနေအောက်တွင် တရုတ်တို့ အနေဖြင့်လည်း အစိုးရ နိုင်ငံခြားရေး ဝန်ကြီးဌာနချင်း ဆက်ဆံရေးသာမက တရုတ်စစ်တပ်၏ ဆက်ဆံရေးပါ လိုအပ်နေသည့် အချိန်တွင် တရုတ်နှင့် မြန်မာပြည်ကြား ၂ + ၂ ဆက်ဆံရေး ထူထောင်ခဲ့သည် ကို တွေ့ရသည် ။

## ၂ + ၂ ဆက်ဆံရေး

တရုတ်အစိုးရဘက်မှ နိုင်ငံခြားရေး ဝန်ကြီးဌာနနှင့် ကာကွယ်ရေး ဝန်ကြီးဌာန နှစ်ခု၊ မြန်မာအစိုးရဘက်မှ နိုင်ငံခြားရေးဝန်ကြီးဌာနနှင့် ကာကွယ်ရေးဝန်ကြီးဌာန နှစ်ခုပေါင်းတို့ နှစ်နိုင်ငံကြား ပုံမှန် တွေ့ဆုံဆွေးနွေးသည့် အစီအစဉ်တစ်ရပ်ကို NLD အရပ်သားအစိုးရ တက်ပြီးသည့် ၂၀၁၆ ခုနှစ်တွင် စတင်ခဲ့သည် ။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၅ ရက်နေ့တွင် နေပြည်တော်၌ ၂ + ၂ ပထမဆုံးအကြိမ် တွေ့ဆုံမှုကို ပြုလုပ်ခဲ့ပြီး နယ်စပ် တည်ငြိမ်ရေး ပြဿနာက ရှေ့တန်းရောက်ခဲ့သည် ဟု ဆိုပါသည် ။

၂၀၁၇ အတွင်း တွေ့ဆုံမှုကို တရုတ်ပြည်၊ ယူနန်ပြည်နယ်၊ နွှင်းမင်မြို့ ၌ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် ကျင်းပခဲ့သည် ။ ထိုဆွေးနွေးပွဲတွင် နှစ်ဖက်စလုံးမှ ဒု-နိုင်ငံခြားရေး ဝန်ကြီးများ တက်ရောက်ခဲ့သကဲ့သို့ တရုတ်စစ်ဘက်မှ တရုတ် ဗဟိုစစ်ကော်မရှင် ဒုတိယ ညွှိနှိုင်း ကွပ်ကဲရေးမှူး တက်ရောက်ပြီး၊ မြန်မာစစ်ဘက်မှ အမှတ် ၁ စစ်ဆင်ရေး အထူးအဖွဲ့မှူး တက်ရောက်ခဲ့သည် ။

ထိုဆွေးနွေးပွဲတွင် တရုတ်-မြန်မာ ဆက်ဆံရေး တိုးတက် ကောင်းမွန်လာသည် ကို သုံးသပ်ခဲ့ကြပြီး မြန်မာပြည် မြောက်ပိုင်းဒေသ ပြဿနာကို ကောင်းမွန်စွာ ဖြေရှင်းရန် လိုအပ်ကြောင်း ဆွေးနွေးခဲ့သည် ဟု ဆိုပါသည် ။ တရုတ်-မြန်မာ နယ်စပ် တည်ငြိမ် အေးချမ်းရေးကို ထိန်းသိမ်းခြင်းသည် နှစ်နိုင်ငံ ဘက်စုံ မဟာဗျူဟာ မိတ်ဘက်ဆက်ဆံရေး ခေတ်သစ်ကို တွန်းအားပေးရန် အလွန်အရေးပါကြောင်း၊ မြောက်ပိုင်း အခြေအနေများ နှင့် ပတ်သက်၍ နှစ်နိုင်ငံ အနီးကပ် ဆက်သွယ်မှုများ ထားရှိပြီး နယ်စပ်ဒေသ ထိန်းသိမ်းရေးကို ပူးပေါင်း ဆောင်ရွက်သွားမ

ည်ဟု ဆိုသည် ။

အဆိုပါ ဆွေးနွေးပွဲတွင် တရုတ်နိုင်ငံဘက်မှ ပြောကြားသည် မှာ မြန်မာပြည်၏ အရေးကိစ္စတွင် ဆိုင်ရာ ဘက်အသီးသီးက ထိန်းချုပ်ကာ မြန်မာနိုင်ငံမြောက်ပိုင်း ငြိမ်းချမ်းရေးကို အမြန် အကောင်အထည်ဖော် ဆောင်ရွက်ပြီး တရုတ်-မြန်မာနယ်စပ် တည်ငြိမ် အေးချမ်းအောင် အမြန် အကောင်အထည်ဖော် ဆောင်ရွက်စေလိုကြောင်း၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး ဆွေးနွေးမှု များကို ထောက်ခံကြောင်း၊ အဆိုပါ ငြိမ်းချမ်းရေး ဆွေးနွေးမှုများမှ တစ်ဆင့် မြန်မာပြည် ငြိမ်းချမ်းရေးနှင့် အမျိုးသား ပြန်လည်သင့်မြတ်ရေးကို အမြန်ဆုံး ရရှိစေလိုကြောင်း ပြောကြားခဲ့သည် ။

အဆိုပါ ဆွေးနွေးပွဲတွင် မြန်မာဘက်မှ ပြန်လည် ပြောကြားသည် မှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် တိုးတက်မှုနှင့် ၂၁ ရာစု ပင်လုံညီလာခံ ဒုတိယအကြိမ်အတွက် ပြင်ဆင်ထားမှုများအား ရှင်းပြခဲ့ပြီး လက်တွေ့ကျသော ဆောင်ရွက်မှုများ ဖြင့် မြန်မာပြည်မြောက်ပိုင်း တည်ငြိမ် အေးချမ်းမှုရအောင် ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံ ပြည်တွင်းငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ဆက်လက် တွန်းအားပေး ဆောင်ရွက်သွားမည် ဖြစ်ကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် တရုတ်နိုင်ငံမှ ပြီးခဲ့သော ကာလတစ်လျှောက် ထောက်ခံ ကူညီခဲ့သည် ကို ကျေးဇူးတင်ကြောင်း၊ မြန်မာနိုင်ငံ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တရုတ်မှ အပြုသဘောဖြင့် ဆက်လက် ပါဝင်စေလိုကြောင်း ဆင်ဟွာ Xinhwa သတင်းဌာနမှ အကျယ်တဝင့် ဖော်ပြခဲ့ပါသည် ။

အဆိုပါ နှစ်နိုင်ငံ၏ ၂+၂ တွေ့ဆုံမှုအား ၂၀၁၇ ခုနှစ်အတွင်း နောက်တစ်ကြိမ် တရုတ်ပြည်တွင် ပြုလုပ်ရန် သဘောတူခဲ့ကြသည် ဟု ဆိုပါသည် ။ ၂၀၁၇ ခုနှစ် နှစ်ဆန်းပိုင်းတွင် ပြုလုပ်ခဲ့သည့် နှစ်နိုင်ငံ ၂+၂ တွေ့

ဆုံမှုတွင် တရုတ်နယ်စပ် တည်ငြိမ် အေးချမ်းရေး၊ မြန်မာပြည် မြောက်ပိုင်းအရေး၊ မြန်မာပြည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲအရေးတို့ ရှေ့တန်းရောက်နေသည် ဟု ဆိုရမည်။

## တရုတ် အထူးသံတမန်

တရုတ်အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန၏ ဦးတည်ချက်သည် နှစ်နိုင်ငံ ချစ်ကြည်စွာ ဆက်ဆံသည့် အခြေခံပေါ်မှ တရုတ်-မြန်မာ ကုန်သွယ်မှု မြှင့်တင်ရေး၊ မြန်မာနိုင်ငံတွင်းရှိ တရုတ်၏ ရင်းနှီးမြှုပ်နှံမှုများအား ကာကွယ်ခြင်း၊ တိုးမြှင့်ခြင်း၊ တရုတ်၏ သေနင်္ဂဗျူဟာ စီမံကိန်းဖြစ်သည့် မြန်မာပြည် ဖြတ်မည့် အနောက်ဘက် မိုးလင်းခါးပတ်တို့ တွင် အာရုံစိုက်ထားခဲ့သည် ။ သို့သော်လည်း ထိုစီးပွားရေး ရည်မှန်းချက်များ အကောင်အထည် ဖော်ရေးအတွက် အဟန့်အတား ဖြစ်နေသည် မှာ တရုတ်-မြန်မာ နယ်စပ်တစ်လျှောက် မတည်ငြိမ်မှုများ ဖြစ်သည် ။

လက်ရှိ ဖြစ်ပွားနေသော လက်နက်ကိုင် ပဋိပက္ခများ အရ ကချင်ပြည်နယ်နှင့် ရှမ်းပြည်မြောက်ပိုင်းတွင် KIA/ MNDAA/ TNLA/ AA အဖွဲ့လေးဖွဲ့နှင့် ဖြစ်ပွားနေသော စစ်မီးအား ငြိမ်းသတ်ရန် လိုအပ် နေသကဲ့သို့ ထိုမီးစမှ တစ်ဆင့် လည်းကောင်း၊ မြန်မာပြည် နိုင်ငံရေး ပြဿနာကို ကောင်းမွန်စွာ ဆွေးနွေး ဖြေရှင်းနိုင်ခြင်း မရှိပါက ဝဒေသနှင့် မိုင်းလားဒေသို့ စစ်မီးတောက် ကူးစက်နိုင်သည် ကို လည်းကောင်း ကောင်းစွာ သဘောပေါက်ထားသည် ဖြစ်ရာ တရုတ်တို့ သည် မြန်မာပြည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲများကို အာရုံစိုက်လာခဲ့ကြသည် ။

ယခင် ဦးသိန်းစိန်လက်ထက် မြန်မာပြည် ငြိမ်းချမ်းရေး ဆွေးနွေးပွဲ

များ တွင် ပါဝင်ရန် တရုတ်မှ အထူးသံတမန်တစ်ဦး ခန့်အပ်ခဲ့သည် ။ တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာန၏ အာရှရေးရာ အထူးသံတမန် အမည်ဖြင့် ခန့်အပ်ခဲ့သော်လည်း ထိုသံတမန်၏ အဓိက အာရုံစိုက်မှုမှာ မြန်မာပြည် ငြိမ်းချမ်းရေး လုပ်ငန်းကို အထူး အာရုံစိုက်သည် ကို တွေ့ရသည် ။ ဦးသိန်းစိန်လက်ထက် မြန်မာပြည်တွင်းရှိ ငြိမ်းချမ်းရေး ဆွေးနွေးပွဲများ ၊ တိုင်းရင်းသားများ ပြုလုပ်သည့် လိုင်ဇာ၊ လော်ခီးလာ ညီလာခံများ တွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး၏ အထူးကိုယ်စားလှယ်နှင့် အတူတကွ ပါဝင်တက်ရောက်ခဲ့သည် ကို တွေ့ရသည် ။ ၂၀၁၆ ခုနှစ်ထဲတွင် ကုလသမဂ္ဂ အထွေထွေ အတွင်းရေးမှူး၏ အထူးကိုယ်စားလှယ် သက်တမ်းပြည့်သွားပြီး ထပ်မံ ခန့်အပ်ခြင်း မရှိတော့သော်လည်း တရုတ်သံတမန်ကတော့ တက်ကြွစွာ လှုပ်ရှားဆဲ ဖြစ်သည် ။ လက်ရှိ တရုတ် အထူးသံတမန်မှာ မစ္စတာ ဆွန်ကော့ရှန် Mr. Sun Guoxiang ဖြစ်ပါသည် ။

မစ္စတာဆွန်ကော့ရှန်သည် ၂၀၁၆ ခုနှစ် NLD အစိုးရ တက် လာပြီးနောက် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များက ၂၀၁၆ ခုနှစ် ဇူလိုင်လကုန်ပိုင်းတွင် ကျင်းပပြုလုပ်သည့် မိုင်ဂျာယန် ညီလာခံသို့ လည်းကောင်း၊ ဩဂုတ်လကုန်ပိုင်းတွင် ကျင်းပသည့် ၂၁ ရာစု ပင်လုံ ပထမအကြိမ် အစည်းအဝေးသို့ လည်းကောင်း တက်ရောက်ခဲ့သည် ကို တွေ့ခဲ့ရသည် ။ ထို့နောက် ၂၀၁၆ ခုနှစ် နိုဝင်ဘာ လကုန်ပိုင်းတွင် ဖြစ်ပွားသော မြောက်ပိုင်း မဟာမိတ်တို့ နှင့် ဖြစ်ပွားခဲ့သည့် စစ်ပွဲအပြီးတွင် ပို၍ သိသိသာသာ ခပ်သွက်သွက် လှုပ်ရှားလာသည် ကို တွေ့ရသည် ။ ထိုမြောက်ပိုင်း စစ်ပွဲသည် တရုတ်-မြန်မာ ကုန်သွယ်ရေးလမ်းကြောင်းကို ထိခိုက်စေသည် သာမက တရုတ်တို့ ၏ အနာဂတ် စီးပွားရေး ရည်မှန်းချက်များကို ထိခိုက်စေနိုင်သည့်အပြင် တ

ရတ်နယ်စပ်တစ်လျှောက် စစ်မီး ပိုမိုကြီးထွားလာနိုင်သည့် အခြေအနေ ဖြစ်ပွားမလာစေရန် တားဆီးလို၍ ဖြစ်ကြောင်း သုံးသပ်ရပါသည် ။

## တရုတ် အထူးသံတမန်၏ တွေ့ဆုံမှုများ

၂၀၁၆ ခုနှစ် နိုဝင်ဘာလကုန်တွင် ဖြစ်ပွားသော မြောက်ပိုင်းစစ်ပွဲ စတင်ပြီးနောက် တရုတ်တို့ ၏ လှုပ်ရှားမှု ပိုမို သွက်လက်လာခဲ့တော့သည် ။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလအတွင်း တရုတ်ပြည်သို့ အလည်အပတ်ရောက်ရှိနေသော ဒေါက်တာတင်မျိုးဝင်း ခေါင်းဆောင်သည့် ငြိမ်းချမ်းရေး ကော်မရှင်နှင့် တရုတ်နယ်စပ်ရှိ တိုင်းရင်းသား လက်နက်ကိုင်များဖြစ်ကြသော KIA/ TNLA/ MNDAA/ AA မြောက်ပိုင်းမဟာမိတ် လေးဖွဲ့၊ UWSA နှင့် မိုင်းလားအဖွဲ့၊ စုစုပေါင်း ခြောက်ဖွဲ့တို့ နှင့် ခွင်းမင်မြို့၌ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁ ရက်နှင့် ၂ ရက်နေ့ များ တွင် တွေ့ဆုံရန် တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ စီစဉ်ပေးခဲ့သည် ။ UWSA နှင့် မိုင်းလားအဖွဲ့တို့ နှင့် ငြိမ်းချမ်းရေးကော်မရှင် တွေ့ဆုံခဲ့သော်လည်း မြောက်ပိုင်းမဟာမိတ် လေးဖွဲ့နှင့် တွေ့ဆုံရေး မအောင်မြင်ခဲ့ပေ။

သို့သော်လည်း တရုတ်တို့ လက်လျှော့မသွားဘဲ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၀ ရက်နေ့တွင် မစ္စတာဆွန်ကော့ရှန်နှင့် မြောက်ပိုင်းမဟာမိတ်လေးဖွဲ့တို့ ငြိမ်းချမ်းရေးကိစ္စ ထပ်မံ တွေ့ဆုံခဲ့ကြပြီး ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၁ ရက်နေ့တွင် တွေ့ဆုံဆွေးနွေးရန် အသင့်ရှိကြောင်း မြောက်ပိုင်းမဟာမိတ်က ကြေညာချက် ထုတ်ပြန်ခဲ့သည် ကို တွေ့ရသည် ။

၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၀ ရက်နေ့တွင် မစ္စတာ ဆွန်ကော့ရှန်သည် တရုတ်သံအမတ်ကြီး မစ္စတာဟု န်လျန် Mr. Hong Liang လိုက်ပါ၍

မြန်မာ့တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် နေပြည်တော်တွင် လာရောက် တွေ့ဆုံခဲ့သည် ။ ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ဗိုလ်ချုပ်ကြီး မြထွန်းဦး၊ ဒုဗိုလ်ချုပ်ကြီး စိုးထွဋ်တို့ လည်း တွေ့ဆုံရာတွင် ပါဝင်ခဲ့သည် ဟု ဆိုသည် ။ အဆိုပါ တွေ့ဆုံမှုတွင် မြန်မာ့ငြိမ်းချမ်းရေး ကိစ္စရပ်များအား အဓိကထား ဆွေးနွေးခဲ့သည် ဟု ဆိုသည် ။

မစ္စတာ ဆွန်ကော့ရှန်သည် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၇ ရက်နေ့တွင် ဝနယ် ပန်ဆန်းသို့ သွားရောက်ပြီး ဦးပေါက်ယိုချမ်း ခေါင်းဆောင်သော UWSA ခေါင်းဆောင်များ နှင့် တွေ့ဆုံ ဆွေးနွေးခဲ့သည် ။ တစ်ဖန် ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၉ ရက်နေ့တွင် တရုတ်ပြည်၊ ခွင်းမင်မြို့၌ မစ္စတာ ဆွန်ကော့ရှန်နှင့် မြောက်ပိုင်းမဟာမိတ် လေးဖွဲ့တို့ ဒုတိယအကြိမ်ထပ်မံတွေ့ဆုံပြီး ငြိမ်းချမ်းရေး ဆွေးနွေးပွဲ ကိစ္စများအား ဒုတိယအကြိမ် ထပ်မံ ဆွေးနွေးခဲ့ပြန်သည် ။ ဤသို့ တရုတ်သံတမန်၏ လွန်းပြန်ခရီးများကို တွေ့မြင်ခဲ့ရသည် ။

## လက်ရှိ တရုတ်ပေါ်လစီ

လက်ရှိ တရုတ်ပေါ်လစီမှာ တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာနမှ ရှေ့ဆောင်ပြီး တရုတ်စစ်ဘက်က နောက်မှ ရံပေးနေသည် ဟု ဆိုရမည်။ တရုတ်သံတမန်သည် တရုတ်နယ်စပ်ရှိ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အားလုံး ငြိမ်းချမ်းရေး စားပွဲဝိုင်းတွင် ပါဝင်သွားရေးကို ရှေးရှု လုပ်ဆောင်နေသည် ကို တွေ့ရသည် ။

၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၁ ရက်နေ့တွင် တရုတ်လွတ်မြောက်ရေး

တပ်မတော် အနောက်ဘက်စစ်နယ်ဝန်း Western Theatre Command တပ်မှူး ဗိုလ်ချုပ်ကြီးကျောက်ဖုံးချိ Zhao Zongqi နှင့်အဖွဲ့သည် မြန်မာပြည်သို့ ရောက်ရှိခဲ့သည် ။ တရုတ်စစ်ဘက် ဗိုလ်ချုပ်ကြီးကျောက်ဖုံးချိနှင့် မြန်မာစစ်ဘက်မှ ဒုကာကွယ်ရေးဦးစီးချုပ် ဒုဗိုလ်ချုပ်မှူးကြီး စိုးဝင်းတို့ သည် ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၁၂ ရက်နေ့၌ နေပြည်တော်တွင် တွေ့ဆုံခဲ့ကြပြီး တရုတ်နယ်စပ် တည်ငြိမ်ရေးနှင့် ရှမ်းမြောက် ပဋိပက္ခတို့ ကို ဆွေးနွေးခဲ့ကြသည် ဟု ဆိုပါသည် ။

၂၀၁၆ ခုနှစ် ဖေဖော်ဝါရီ ၁ ရက်နေ့တွင် တရုတ်လွတ်မြောက်ရေး တပ်မတော်သည် စစ်နယ်ဝန်း ၅ ခု ပြန်လည် ပိုင်းခြားသတ်မှတ်သည် ။ ဗဟိုကျင်းစစ်နယ်ဝန်းနှင့် အရှေ့၊ အနောက်၊ တောင်၊ မြောက် စစ်နယ်ဝန်း ၅ ခု ဖြစ်သည် ။ မြန်မာပြည်နှင့် တိုက်ရိုက် ဆက်စပ်နေသော စစ်နယ်ဝန်းမှာ အနောက်ဘက် စစ်နယ်ဝန်း ဖြစ်သည် ။ အနောက်ဘက် စစ်နယ်ဝန်းမှာ မူလ ချင်တူးစစ်ဒေသနှင့် လန်ကျိုးစစ်ဒေသ နှစ်ခုအား ပေါင်းစပ် ဖွဲ့စည်းထားခြင်းဖြစ်ပြီး စစ်နယ်ဝန်း ဌာနချုပ်မှာ စစ်ချွမ်းပြည်နယ်၊ ချင်တူး၌ အခြေစိုက်သည် ။ စစ်နယ်ဝန်းတပ်မှူးအဖြစ် ဗိုလ်ချုပ်ကြီးကျောက်ဖုံးချိက လည်းကောင်း၊ စစ်နယ်ဝန်း နိုင်ငံရေးမှူးအဖြစ် ဗိုလ်ချုပ်ကြီးကျူးဖူရှိ Zhu Fuxi က လည်းကောင်း အသီးသီး တာဝန်ယူသည် ။ အနောက်ဘက် စစ်နယ်ဝန်းသည် အဓိကအားဖြင့် အိန္ဒိယနယ်စပ်နှင့် မြန်မာနယ်စပ်တစ်လျှောက် တာဝန်ယူပါသည် ။

လက်ရှိအချိန်တွင် တရုတ်စစ်ဘက်သည် တရုတ် နိုင်ငံခြားရေး သံတမန်၏ ဆောင်ရွက်ချက် အောင်မြင်နိုင်ရေးအတွက် နောက်မှ နေ၍ ထိန်းထိန်းသိမ်းသိမ်း ဆောင်ရွက်နေသည် ဟု ဆိုရမည်။ အဘယ့်ကြောင့် ဆိုသော် မြောက်ပိုင်းစစ်ပွဲအတွင်း နယ်စပ်လုံခြုံရေး ထိပါးသည့် ပြဿနာများအား ၂၀၁၅ ခုနှစ် ကိုးကန့် စစ်ပွဲကာလကဲ့သို့ တင်းတင်းမာ

မှာ တုံ့ပြန်ခြင်း မပြုခဲ့ပေ။ မြောက်ပိုင်းစစ်ပွဲ ကာလအတွင်း ၄င်း၏ နယ်နိမိတ်အတွင်း မြန်မာဘက်မှ ဗုံးဆန်ကျခြင်း၊ အရပ်သား ထိခိုက်ခြင်းများအား ထိန်းသိမ်း ကိုင်တွယ်ခဲ့သည် ကို တွေ့ရသည် ။ တရုတ်နှင့် ချောင်းသာခြားသည့် မုန်းကိုး၌ ပြင်းထန်စွာ တိုက်ပွဲဖြစ်နေသည့် ကာလ၌ တရုတ်ပိုင်နက် မန်ဟိုင်းရှိ တရုတ်နိုင်ငံသားများ ရော၊ မြန်မာဘက်မှ ပြေးလာသည့် စစ်ဘေး ဒုက္ခသည် များကိုပါ နယ်စပ်နှင့် ဝေးသည့် ကျယ်ဖန့်မြို့၊ မန်စီမြို့များ ဆီသို့ ပို့ဆောင် အကာအကွယ်ပေးခဲ့ပြီး မြန်မာအစိုးရနှင့် တပ်မတော်အား ပြင်းထန်သည့် ကန့်ကွက်မှု မပြုခဲ့ပေ ။

တရုတ်စစ်တပ်က ၂၀၁၅ ခုနှစ် ကိုးကန့်စစ်ပွဲကာလထက် များ စွာ ပျော့ပျောင်းမှု ပြသနေခြင်းသည် တရုတ် နိုင်ငံခြားရေးသံတမန်၏ လုပ်ဆောင်မှု အောင်မြင်နိုင်ရေးအတွက် တရုတ်တို့ ၏ ပျော့ပျောင်းမှုကို ပြသနေခြင်း ဖြစ်သည် ဟု ဆိုနိုင်ပါသည် ။ တစ်ဖက်တွင် လည်း တရုတ်သံတမန်သည် မြန်မာစစ်ဘက်မှ အကြမ်းဖက် အဖွဲ့အစည်းများ အဖြစ်သတ်မှတ်ထားသည့် မြောက်ပိုင်း မဟာမိတ် လေးဖွဲ့အား တရုတ်ပြည်တွင်းသို့ ဖိတ်ခေါ်၍ ငြိမ်းချမ်းရေး စကားဝိုင်းတွင် ပါဝင်နိုင်ရေး ကြိုးပမ်းနေသည် ကို တွေ့ရပေသည် ။ ဤကား လက်ရှိ တွေ့မြင်နေရသည့် တရုတ်ပေါ်လစီ အခြေအနေ အကျင်းဟု ဆိုရပေမည်။


ထို့ပြင် တရုတ် အထူးသံတမန် မစ္စတာဆွန်ကောဲ့ရှန်၏ လှုပ်ရှားမှုများအားလည်း ဆက်လက်၍ မြင်တွေ့ရပါက အံ့သြဖွယ်ရှိမည် မဟုတ်ပေ။ လက်ရှိအချိန်တွင် တရုတ် နိုင်ငံခြားရေး ဝန်ကြီးဌာနမှ မစ္စတာဆွန်ကော့ရှန်သည် UWSA အပါအဝင် မြန်မာပြည်မြောက်ပိုင်း တရုတ်နယ်စပ်မှ အဖွဲ့အားလုံး မဆွေးနွေးပွဲ စားပွဲဝိုင်းတွင် ပါဝင်နိုင်ရေး၊ NCA လက်မှတ်ထိုးရေးတို့ အတွက် တွန်းတွန်းတိုက်တိုက် လုပ်နေ

မည်ဆိုပါက အံ့အားသင့်စရာ ရှိမည်မဟုတ်ပေ။ တရုတ် နိုင်ငံခြားရေးဝန်ကြီးဌာန၏ ပေါ်လစီသည် တရုတ်နယ်စပ် တည်ငြိမ်ရေးနှင့် တရုတ်အမျိုးသား အကျိုးစီးပွားကို ရှေးရှုသည် မဟုတ်ပါလော။

တစ်ချိန်တည်းတွင် မြန်မာအစိုးရနှင့် တပ်မတော်အနေဖြင့်လည်း မြန်မာပြည် အရှေ့မြောက်ပိုင်းရှိ UWSA နှင့် မိုင်းလားတို့ အား NCA လက်မှတ်ထိုးစေရေးအတွက် UWSA အပေါ် တရုတ်တို့ တိုက်တိုက်တွန်းတွန်း ဖိအားပေးမှုကို လိုလားနေသည် ။ တရုတ်တို့ ၏ ဖိအားပေးမှုဖြင့် UWSA နှင့် မိုင်းလားတို့ သည် NCA ထိုးရေးကို လိုလားနေပုံရသည် ။ ထို့ကြောင့်လည်း နှစ်နိုင်ငံ ၂+၂ အစည်းအဝေး၌ မြန်မာနိုင်ငံ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် တရုတ်တို့ အပြုသဘောဖြင့် ဆက်လက် ပါဝင်စေလိုကြောင်း မြန်မာဘက်က ပြောဆိုခဲ့ခြင်း ဖြစ်ဟန်တူသည် ။ တရုတ်အစိုးရ၏ စီးပွားရေး ရည်မှန်းချက်နှင့် မြန်မာအစိုးရ၏ နိုင်ငံရေး ရည်မှန်းချက် အစပ်အဟပ် တည့်နေပုံရသည် ။

မည်သို့ဆိုစေကာမူ မြန်မာပြည်ပေါ်၌ မည်သို့ ပေါ်လစီကျင့်သုံးမည်ဆိုသည် ကို အဓိက အဆုံးအဖြတ် ပြုနိုင်သည် ကတော့ တရုတ်ပြည် ကွန်မြူနစ်ပါတီ နိုင်ငံတကာရေးရာ ဌာနကြီး ဖြစ်သည် ဆိုခြင်းကိုတော့ သတိမူထားရန် လိုအပ်ပေလိမ့်မည် ဖြစ်ပေသည် ။

***



# အလှည့်အပြောင်းတစ်ခု လိုအပ်နေသည့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

၂၀၁၆ ခုနှစ် NLD အရပ်သားအစိုးရ တက် လာပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် တိုင်းပြည်အတွက် အဓိက အရေးကြီးသည့် လုပ်ငန်းစဉ်အဖြစ် သတ်မှတ်ခဲ့သည် ။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် လိုအပ်သည့် ဌာနများ ၊ မကော်မတီများ ၊ ကော်မရှင်များ ဖွဲ့စည်းခဲ့ပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား အရှိန်မြှင့်၍ လုပ်ဆောင်ခဲ့သည် ။ ပထမအကြိမ် ၂၁ ရာစု ပင်လုံညီလာခံအား အစိုးရသစ်တက်ပြီး ငါးလအကြာတွင် ကျင်းပနိုင်ခဲ့သည် ။ ထိုညီလာခံတွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အားလုံး မစုံနိုင်ခဲ့သော်လည်း အများ စု တက်ရောက်နိုင်ခဲ့သည် ဟု ဆိုနိုင်သည် ။ အဆိုပါ ညီလာခံတွင် ဆုံးဖြတ်ချက် တစ်စုံတစ်ရာ မချနိုင်ခဲ့သော်လည်း တက်ရောက်ခဲ့သော အဖွဲ့တိုင်း၏ သဘောထားများကို ပွင့်လင်းလွတ်လပ်စွာ တင်ပြနိုင်ခဲ့ပြီး ပြည်သူ လူထုကြားထဲထိ ချပြနိုင်ခဲ့သည့် အဆင့်သို့ ရောက်ခဲ့သည် ဟု ဆိုရပါမည်။

သို့သော် လက်ရှိ NLD အစိုးရသက်တမ်း တစ်နှစ်ပြည့်ပြီးသည့် အချိန်တွင် မူ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်သည် ရှေ့မတိုးသာ နောက်မဆုတ်သာ အခြေအနေမျိုးတွင် ရောက်ရှိနေသည် ဟု ဆိုရပေမည်။ လက်ရှိအချိန်တွင် NLD အစိုးရရော တပ်မတော်ကပါ NCA လက်မှတ် ရေးထိုးထားသည့် အဖွဲ့များ သာ နိုင်ငံရေး ဆွေးနွေးပွဲများ တွင် ပါဝင်နိုင်သည် ဟု ဆုပ်ကိုင်ထားသည် ။ သို့သော် ယခင်အစိုးရဟောင်း လက်ထက် ၂၀၁၅ ခုနှစ် အောက်တိုဘာလ ၁၅ ရက်နေ့က လက်မှတ်ရေးထိုးထားသော

အဖွဲ့ရှစ်ဖွဲ့သာ NCA လက်မှတ်ရေးထိုးထားသေးပြီး ထပ်မံ ရေးထိုးသော အဖွဲ့ တစ်ဖွဲ့မျှ မရှိသေးချေ။ လက်နက်ကိုင်တပ်ဖွဲ့ အင်အား အများ စုကို ကိုယ်စားပြုသည့် တိုင်းရင်းသား အဖွဲ့များ NCA လက်မှတ်ရေးထိုးခြင်း မရှိသေးရာ အများ စု နိုင်ငံရေး ဆွေးနွေးပွဲတွင် ပါဝင်နိုင်ခြင်း မရှိသေး ပေ။

ထို့ပြင် ၂၀၁၇ ဖေဖော်ဝါရီ ၂၈ တွင် ကျင်းပရန် ပြင်ဆင် ရည်ရွယ် ထားခဲ့သည့် ၂၁ ရာစု ပင်လုံညီလာခံ ဒုတိယအကြိမ် အစည်းအဝေးကို လည်း ရွှေ့ဆိုင်းခဲ့ရပြီး ပြန်လည် ကျင်းပမည့်ရက် သတ်မှတ်နိုင်ခြင်း မ ရှိသေးပေရာ တစ်နှစ်နီးပါး ကြာမြင့်ခဲ့ပြီဖြစ်သည့် NLD အစိုးရလက်ထ က် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ပြန်လည် ဝေဖန် သုံးသပ်ကြည့်ရန် လိုအပ်ပေသည် ။

## NCA

လက်ရှိ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့တစ်လှမ်း တိုးနိုင်ရန်အတွက် အခရာကား NCA ဟု ဆိုကြသည် ။ NCA လက်မှတ်မထိုးရသော အဖွဲ့များ လက်မှတ်ထိုးရေးဟု ဆိုကြပါသည် ။ ၂၀၁၂ ခုနှစ် ငြိမ်းချမ်း ရေး လုပ်ငန်းစဉ်များ စတင်ပြီး ယခင် ဦးအောင်မင်း၏ UPWC/ MPC တို့ နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့တို့ ၏ NCCT (Nationwide Cease fire Coordination Team) တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းရေးအဖွဲ့၊ SD (Special Delegation) အဆင့်မြင့် ညှိနှိုင်းရေး ကို ယ်စားလှယ်အဖွဲ့တို့ ၏ တွေ့ဆုံ ဆွေးနွေးခြင်း ရလဒ်ဟု ဆိုကြပါသည် ။ သို့ဖြစ်ရာ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ၏ NCCT နှင့် SD များ

ပါဝင်ရေးဆွဲထားခြင်း ဖြစ်ပေရာ အဘယ်ကြောင့် လက်မှတ် မထိုးနိုင်ရပါသနည်းဟု မေးခွန်းပေါ်လာသည် ။

NCA လက်မှတ်မထိုးသေးသည့် UNFC အဖွဲ့ဝင်များက မှတ်ချက်ပြုသည် မှာ ၄င်းတို့ ပါဝင်ရေးဆွဲခဲ့သည့် NCA သဘောတူညီချက်သည် မူကြမ်းအဆင့်၌ သာ ရှိနေဆဲဖြစ်ပြီး ထပ်မံဖြည့်စွက် ပြင်ဆင်မှုပြုရန် လိုနေသေးဆဲဖြစ်၍ လက်မှတ်မထိုးသေးခြင်း ဖြစ်သည် ဟု ဆိုကြသည် ။

ထို့ပြင် NCA သဘောတူညီချက်များ ရေးဆွဲပြီးနောက် လက်မှတ် ထိုးရေးအတွက် နောက်ဆုံး ညှိနှိုင်းရသည် မှာ NCA သဘောတူညီချက်ပါ အချက်များ မဟုတ်ပေ။ NCA လက်မှတ်ထိုးရာတွင် ပါဝင်ရမည့် အဖွဲ့များ နှင့် ပတ်သက်၍ ဖြစ်ပါသည် ။ NCA သဘောတူညီချက်များ ရေးဆွဲပြီးနောက် NCA လက်မှတ်ရေးထိုးရေးနှင့် ပတ်သက်ပြီး သမ္မတ ဟောင်း ဦးသိန်းစိန်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ ငါးဖွဲ့ (KIO၊ KNU၊ NMSP KNPP၊ SSPP) မှ ခေါင်းဆောင်များ သည် ၂၀၁၅ ခုနှစ် စက်တင်ဘာလ ၉ ရက်နေ့က နောက်ဆုံး ညှိနှိုင်းကြရာတွင် အောင်မြင်မှု မရခဲ့ပေ။ မရခဲ့သည့် အဓိက အကြောင်းအရင်းမှာ NCA လက်မှတ်ထိုးရာတွင် ကိုးကန့် MNDAA၊ တအောင်းပလောင် TNLA၊ ရခိုင် AA အဖွဲ့ သုံးဖွဲ့အား NCA လက်မှတ်ထိုးရာတွင် ပါဝင်ရေးကို အစိုးရနှင့် တပ်မတော်က ငြင်းပယ်ခဲ့သောကြောင့် ဖြစ်သည် ။

ထို့ပြင် ၂၀၁၂ မှ စ၍ အတူတကွ ဆွေးနွေးခဲ့ကြသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ သည် လည်း NCA ထိုးရေးနှင့် ပတ်သက်၍ သဘောထား ကွဲလွဲခဲ့ကြသည် ။ အားလုံး မပါဝင်သေးသော်လည်း NCA လက်မှတ်ထိုးပြီး ကျန်သောအဖွဲ့များ လက်မှတ်ထိုးရေး ဆက်လက် ကြိုး

စားသွားမည် ဆိုသည့် KNU အပါ အဖွဲ့ရှစ်ဖွဲ့က လက်မှတ် ရေးထိုးခဲ့ကြ သည် ။ ကျန် KIO ဦးဆောင်သည့် UNFC အဖွဲ့များက အားလုံးပါဝင်မှ NC A လက်မှတ်ထိုးမည်ဟု ရပ်ခံခဲ့ကာ NCA အား ထပ်မံဖြည့်စွက်ရန် အချ က် ၉ ချက်တောင်းဆိုခဲ့ပြီး ယနေ့တိုင် NCA လက်မှတ်ရေးထိုးခြင်း မရှိ သေးပေ။

လက်ရှိ မြန်မာ့ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့မတိုး၊ နောက်မဆုတ် ဖြစ်နေသည့် အဓိက ပြဿနာမှာ NCA ပြဿနာဟု ဆိုနိုင်သည် ။ NCA တွင် ပါဝင်သည့် အင်စတီကျူးရှင်းများ ဖြစ်ကြသည့် ပြည်ထောင်စု ငြိမ်း ချမ်းရေး ဆွေးနွေးမှု ပူးတွဲကော်မတီ (UPDJC)၊ အပစ်အခတ် ရပ်စဲရေး ပူးတွဲစောင့်ကြည့်ရေး ကော်မတီ (JMC)၊ ပြည်ထောင်စု ငြိမ်းချမ်းရေးညီ လာခံ (UPC) နှင့် တစ်နိုင်ငံလုံး ပစ်ခတ် တိုက်ခိုက်မှု ရပ်စဲရေးဆိုင်ရာ ညှိနှိုင်းအစည်းအဝေး (JICM) တို့ ဖြင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အ ကောင်အထည် ဖော်မည်ဟု သတ်မှတ်ထားကြရာ NCA မဖြတ်သန်းဘဲ ထိုအင်စတီကျူးရှင်းများကို အသိအမှတ်ပြု အကောင်အထည် မဖော်ဘဲ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ရှေ့ဆက်မရဟု ယူဆထားကြပါသည် ။

## NCA နှင့် UWSA/NDAA မိုင်းလား

UWSA နှင့် မိုင်းလားအဖွဲ့ နှစ်ဖွဲ့ကမူ သူတို့ အဖွဲ့များ အနေဖြင့် ၁၉၈ ၉ ခုနှစ်ကတည်းက အပစ်ရပ် ငြိမ်းချမ်းရေး ယူထားခဲ့ပြီး နှစ်ပေါင်း နှစ် ဆယ်ကျော် မည်သည့်ပြဿနာမျှ မဖြစ်ခဲ့ဘဲ ငြိမ်းချမ်းစွာ နေထိုင်ခဲ့သည် ဖြစ်ရာ NCA လက်မှတ်ထိုးရန် မလိုအပ်ဟု ယူဆခဲ့ကြသည် ။ သို့သော် နို င်ငံရေး ဆွေးနွေးရန်ကိုမူ သူတို့ မငြင်းပယ်ခဲ့ပေ။ သူတို့ နှစ်ဖွဲ့အနေဖြင့်

NCA လက်မှတ် မထိုးသော်လည်း နိုင်ငံရေး ဆွေးနွေးပွဲသို့ တက်ရောက်မည်ဟု ရပ်ခံကြသည် ။

သို့သော် ပြဿနာကား အစိုးရနှင့် တပ်မတော်ဘက်က UWSA နှင့် မိုင်းလားပြဿနာအား ခြွင်းချက်အနေဖြင့် စဉ်းစားမပေးနိုင်ခဲ့ပေ။ ဤသို့ ထိုနှစ်ဖွဲ့အား ခြွင်းချက်ပြဿနာအဖြစ် စဉ်းစားမှု ပြုပါကလည်း ကျန်တိုင်းရင်းသား အဖွဲ့များ နှင့် ဆွေးနွေးရာတွင် အဖုအထစ် ဖြစ်စေပြီး တစ်နိုင်ငံလုံး တိုင်းရင်းသား ပြဿနာကို တန်းတူရည်တူ ဆွေးနွေးရန် ဖြစ်နိုင်မည်မဟုတ်ဟု ယူဆထားခဲ့ပုံ ပေါ်ပါသည် ။ နောက်တစ်ချက်မှာ ရှေ့ဆက်မည့် နိုင်ငံရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ NCA တွင် ပါဝင်ရေးဆွဲထားသည့် အင်စတီကျူးရှင်းဟု ခေါ်ကြသည့် အဆောက်အအုံများ ပေါ်တွင် အခြေခံ၍ ဆက်လက် လုပ်ဆောင်သွားမည် ဖြစ်ရာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဆက်လက်လုပ်ကိုင်ရေး၊ နိုင်ငံရေးဆွေးနွေးပွဲများ ဆက်လက် လုပ်ဆောင်ရေးအတွက် NCA သည် အရေးပါနေသည် ဟု ဆိုကြသည် ။

လက်ရှိ အခြေအနေတွင် UWSA နှင့် မိုင်းလားသည် NCA မထိုးဟု ကြာမြင့်စွာ ရပ်ခံခဲ့သည် မှာ မှန်သော်လည်း ယခုအချိန်တွင် NCA ပြဿနာသည် ၄င်းတို့ အတွက် မဖြစ်မနေ ထည့်သွင်း စဉ်းစားရမည့် ပြဿနာ ဖြစ်လာနေပေသည် ။အဘယ်ကြောင့် ဆိုသော် ရှေ့ဆက်ရမည့် နိုင်ငံရေး ဆွေးနွေးပွဲများမှာ NCA မထိုးပါက ပါဝင်ခွင့်မပြုဟု အစိုးရနှင့် တပ်မတော်က ရပ်ခံနေပေရာ နိုင်ငံရေးအရ လတ်တလော အဖြေရှာရန် ခက်ခဲနေပေသည် ။

ထို့ထက်ပို၍ အရေးပါလာသည့် အချက်မှာ တရုတ်တို့ ၏ သဘောထား ဖြစ်သည် ။ လက်ရှိ အခြေအနေတွင် တရုတ်တို့ အနေဖြင့်

မြန်မာပြည်နှင့် ပတ်သက်သည့် စီးပွားရေး အကျိုးစီးပွားများ အရ တရုတ်-မြန်မာ နယ်စပ်တည်ငြိမ်ရေးသည် လိုအပ်နေသည် ။ တရုတ်တို့ အနေဖြင့် တွက်ဆသည် မှာ လက်ရှိ NCA နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် လမ်းကြောင်းသည် အားနည်းချက် တစ်စုံတစ်ရာ ရှိနေနိုင်သော် ငြားလည်း ထိုလုပ်ငန်းစဉ်တွင် ပါဝင်နေခြင်းဖြင့် မည်သို့ပင်ဖြစ်စေ တစ်စုံတစ်ရာ တည်ငြိမ်မှုရသည့်အပြင် ပြဿနာဖြေရှင်းရန် နည်းလမ်းနှင့် အချိန်ရနိုင်သည် ဟု ယူဆကြပုံရသည် ။ သို့ဖြစ်ရာ UWSA နှင့် မိုင်းလားအဖွဲ့တို့ NCA ထိုးရေးနှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် ပါဝင်ရေးအတွက် တရုတ်တို့ တွန်းတွန်းတိုက်တိုက် ဖိအားပေးလာခြင်းကို ရင်ဆိုင်ရခြင်းဖြစ်သည် ။ တရုတ်တို့ အဖို့ လည်း တရုတ်နယ်စပ်တစ်လျှောက် လက်ရှိ စစ်မီးတောက်လောင်မှုမှ သည် ဝနယ်သို့ ကူးစက်ပြီး ထိန်းမနိုင် သိမ်းမရ အခြေအနေသို့ ရောက်ရှိသွားမည်ကို ပူပန် ကြောင့်ကြပုံ ရပေသည် ။ ၎င်းနှစ်ဖွဲ့အဖို့ တရုတ်နှင့် နားလည်မှုရခြင်း၊ ဆက်ဆံခြင်းသည် အရေးပါသည် ဖြစ်ရာ ထည့်သွင်း မစဉ်းစားဘဲ မဖြစ်နိုင်တော့ပေ။

## NCA & UNFC

KIA က ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်နေသည့် KIA၊ SSPP၊ NMSP၊ KNPP၊ ANC၊ LDU၊ WNO စသည့် အဖွဲ့ခုနစ်ဖွဲ့ ပါသည့် UNFC ကမူ NCA လက်မှတ်ထိုးရန် မူအရ ငြင်းဆန်ထားသည့် အဖွဲ့များ မဟုတ်ကြပေ။ ၎င်းတို့သည် NCA ရေးဆွဲစဉ်က ပါဝင်သကဲ့သို့ ၂၀၁၅ NCA လက်မှတ် ရေးထိုးစဉ်ကလည်း အားလုံးပါဝင်ရေးကို ရပ်ခံပြီး NCA လက်မှတ်ရေးထိုးရာတွင် မပါဝင်ခဲ့ခြင်းဖြစ်သည့်ပြင် NCA သဘောတူချက်ပါ အချက်အချို့ကို ပြ

င်ဆင်ရေး ပြန်ညှိနှိုင်း ဆွေးနွေးခဲ့ပြီး ပြန်လည်ညှိနှိုင်းရမည့် အချက် ၉ ချက် ထွက်ပေါ်လာခဲ့ပြီး ညှိနှိုင်း၍ မရသည့် အနေအထားသို့ ပြန်ဆိုက်နေသည် ဟု ဆိုရမည်။

ဤသို့ ထွက်ပေါ်လာခြင်းသည် NCA ကိစ္စ ဆွေးနွေးစဉ်ကာလနှင့် ၂၀၁၅ ခုနှစ်နောက်ပိုင်း အငြင်းပွားဖွယ်ရာ တိုက်ပွဲများ ၊ အထူးသဖြင့် UNFC အဖွဲ့ဝင် KIO/KIA နှင့် SSPP/ SSA ဒေသတို့ တွင် ဖြစ်ပွားခဲ့မှုများကြောင့် ယုံကြည်မှု ပျက်ပြားပြီး ပိုမိုသေချာသည့် သဘောတူညီချက် ရယူလို၍ ဟု တွက်ဆရသည် ။ အခြား သတင်းအရင်းအမြစ် တစ်ခုမှာ ဦးအောင်မင်း၏ UPWC နှင့် UNFC ၏ SD တို့ နောက်ဆုံး သဘောတူညီခဲ့သည့် NCA သဘောတူညီချက်များမှာ UNFC ခေါင်းဆောင်ပိုင်း၏ နောက်ဆုံး အတည်ပြုချက် မရခင် ပြုလုပ်ခဲ့သဖြင့် ထိုစဉ်ကတည်းက UNFC ခေါင်းဆောင်ပိုင်း အချို့မှ ကျေလည်မှုမရှိခဲ့ရာ ထိုကျေလည်မှု မရှိခဲ့သည့် အချက်များကို ပြန်လည် ဆွေးနွေးနေသည် ဟု ဆိုကြသည် ။ သို့သော် ဤပြဿနာမှာ UNFC အတွင်းပိုင်း ပြဿနာသာဖြစ်ပြီး အများအမြင်မှာ UNFC သဘောတူ ရေးဆွဲခဲ့သည့် NCA ဟု သာ နားလည်နေကြပေသည် ။ သို့ဖြစ်ရာ UNFC အဖွဲ့ဝင်များ NCA လက်မှတ် ရေးထိုးရေးသည် ရှေ့မတိုးသာ၊ နောက်မဆုတ်သာ အခြေအနေသို့ ရောက်နေပေတော့သည် ။

NLD အစိုးရ လက်ထက်တွင် လည်း UNFC ကိုယ်စားလှယ် အဖွဲ့ဘက်မှ NCA လက်မှတ် ရေးထိုးရေးနှင့် ပတ်သက်ပြီး အချက် ၉ ချက် တင်ပြထားပြီး ငြိမ်းချမ်းရေး ကော်မရှင်နှင့် လေးကြိမ်ခန့် တွေ့ဆုံ ဆွေးနွေးခဲ့သော်လည်း ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလကုန်ပိုင်းအထိ ပြေလည်မှု မရသေးပေ။

## NCA နှင့် မြောက်ပိုင်းသုံးဖွဲ့

မြောက်ပိုင်းသုံးဖွဲ့ဟု ဆိုနေသော ကိုးကန့် MNDAA၊ တအောင်းပလောင် TNLA၊ ရခိုင် AA အဖွဲ့သုံးဖွဲ့ သည် NCA ဆွေးနွေးရာတွင် NCCT တွင် အဖွဲ့ဝင်အဖြစ် ပါဝင်ခဲ့ကြသည် ဖြစ်ရာ NCA ပါ အချက်များကို သိရှိအကျွမ်းဝင်ပြီးသား ဖြစ်သည် ။ ထိုသုံးဖွဲ့အနက် TNLA သည် ၂၀၁၃ ခုနှစ် နှစ်ကုန်ပိုင်းက ဦးအောင်မင်း၏ MPC နှင့် တစ်ကြိမ် တွေ့ဆုံ ဆွေးနွေးခဲ့ဖူးသည် ။ ကျန်နှစ်ဖွဲ့ကတော့ တွေ့ဆုံခဲ့ဖူးခြင်း မရှိပေ။

၂၀၁၅ ခုနှစ်က NCA တွင် ပါဝင် လက်မှတ်ထိုးခြင်း မပြုသော်လည်း ထိုအချိန်က အဆိုပါ သုံးဖွဲ့နှင့် ပတ်သက်သည့် သဘောထားအား ရှင်းလင်းစွာ ဖော်ပြခြင်းမရှိပေ။ သို့သော် ၂၀၁၅ နှစ်ကုန်ပိုင်းတွင် ထိုအဖွဲ့သုံးဖွဲ့ နှင့် KIA တပ်မဟာ ၄ တို့ သည် လက်နက် စွန့်လွှတ်ရမည်ဟု တပ်မတော်က သဘောထား ဖော်ပြခဲ့သည် ကို တွေ့ရသည် ။ ၂၀၁၆ ခုနှစ် နှစ်ဆန်းပိုင်းတွင် သဘောထား ထပ်မံ ဖော်ပြရာတွင် KIA တပ်မဟာ ၄ မပါဝင်တော့ဘဲ အဆိုပါ အဖွဲ့သုံးဖွဲ့သာ လက်နက်စွန့်ရမည်ဟု ဖော်ပြခဲ့သည် ကို တွေ့ရသည် ။

၂၀၁၆ ခုနှစ် NLD အစိုးရ တက် လာပြီးနောက် ထိုသုံးဖွဲ့နှင့် ပတ်သက်၍ လက်နက်စွန့်လွှတ်ရမည် ဆိုသည့်အစား လက်နက်ကိုင်လမ်းစဥ်အား စွန့်လွှတ်ရမည်ဟု ပြောင်းလဲဆိုခဲ့ပြီး ထိုအခြေခံပေါ်၌ ထိုသုံးဖွဲ့နှင့် ငြိမ်းချမ်းရေး ကော်မရှင်တို့ တရားဝင် ပထမဦးဆုံးအကြိမ် တွေ့ဆုံဆွေးနွေးမှု ပြုခဲ့သည် ။ ထိုဆွေးနွေးပွဲ ဖြစ်မြောက်ရေးအတွက် UWSA က အရေးပါသည့် အခန်းက ပါဝင်ခဲ့သည် ဟု ဆိုရပါမည်။

ထိုဆွေးနွေးပွဲတွင် ငြိမ်းချမ်းရေး ကော်မရှင်ဘက်မှ တောင်းဆိုသည့် ၅ လက်နက်ကိုင် လမ်းစဉ် စွန့်လွှတ်ကြောင်း အဆိုပါ သုံးဖွဲ့ဘက်မှ ကြေညာချက် ထုတ်ပြန်ပေးရန်နှင့် ထိုသို့ ကြေညာချက် ထုတ်ပြန်ပေးပါက ၂၁ ရာစု ပင်လုံညီလာခံ တက်ခွင့်ပြုမည်ဟု ဆိုခဲ့သည် ။ သို့သော်လည်း အဆိုပါ မြောက်ပိုင်းသုံးဖွဲ့က လက်နက်ကိုင်လမ်းစဉ် စွန့်လွှတ်ရေး ဆိုသည် ကို လက်မခံနိုင်ကြဘဲ လက်နက်ကိုင် ပဋိပက္ခ ဖြေရှင်းရေး ဆိုသည် ကိုသာ လက်ခံနိုင်သဖြင့် ညှိနှိုင်းမရခဲ့ပေ။

သို့ရာတွင် ထိုစဉ်က ဆွေးနွေးသည် မှာ ၂၁ ရာစု ပင်လုံ ပထမအကြိမ် ညီလာခံသို့ တက်ရောက်ခွင့်သာ ဖြစ်သဖြင့် NCA လက်မှတ်မထိုးရသေးသည့် UNFC အဖွဲ့ဝင်များအား ပထမအကြိမ် ညီလာခံ တက်ရောက်ခွင့် ပေးသကဲ့သို့ အဆင့်မျှသာဖြစ်ပြီး ငြိမ်းချမ်းရေးလုပ်ငန်းစဉ် နိုင်ငံရေး ဆွေးနွေးပွဲများ တွင် ဆက်လက် ပါဝင်ခွင့်နှင့် ပတ်သက်၍ လည်းကောင်း၊ အခြားအဖွဲ့များ နှင့် တန်းတူ NCA ထိုးခွင့် ပေးမည်၊ မပေးမည်ကတော့ ရှင်းလင်းစွာ မသိကြရပါ။ အဆိုပါ ပြဿနာအား နောက်ထပ် ဆွေးနွေးရမည့် ပြဿနာ အဖြစ်သာ ထားပုံရသည် ။

အဆိုပါ မြောက်ပိုင်း သုံးဖွဲ့ဘက်ကလည်း လက်နက်ကိုင် ပဋိပက္ခ ဖြေရှင်းရေးဆိုသည့် မူကို ရပ်ခံသည် နှင့် ပတ်သက်၍ နားလည်ပေးနိုင်သော်လည်း ညှိနှိုင်းနေသော ကြေညာချက်နှင့် ပတ်သက်၍ ဆက်လက်စောင့်ဆိုင်း ညှိနှိုင်းမှု မပြုလုပ်ဘဲ သူတို့ ၏ ရပ်တည်ချက်အတိုင်း ကြေညာချက်တစ်ရပ် ထုတ်ပြန်လိုက်ရာ ငြိမ်းချမ်းရေး ကော်မရှင်နှင့် ဆက်သွယ်ရေးလမ်းကြောင်း ပြတ်တောက် သွားတော့သည် ။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များ ၌ သတိပြုရန် လိုအပ်သည် မှာ မူဝါဒကိုင်စွဲခြင်း၊ ပျော့ပျောင်းသော ပေါ်လစီ ကျင့်သုံးခြင်းတို့ နှင့် ပတ်သက်၍ မှန်ကန်စွာ ပေါင်းစပ် ကျင့်သုံးရန် လိုအပ်ပေသည် ။ UNFC အဖွဲ့ဝင်များ ဖြစ်ကြသည့် KI

O/ KIA နှင့် SSPP/ SSA တို့ သည် UNFC အဖွဲ့ဝင်များ ထဲတွင် တပ်မတော်နှင့် လက်နက်ကိုင် ပဋိပက္ခ အကြီးမားဆုံး ဖြစ်ကြသော်လည်း နှစ်ဖက် ဆွေးနွေးသည့် လမ်းကြောင်းကို ဖြတ်တောက်ပစ်ခြင်း မပြုလုပ်ဘဲ ဆွေးနွေးပွဲလမ်းကြောင်း ပွင့်သည့်အချိန်တွင် ပြန်လည် ဆွေးနွေးကြသည် ကို တွေ့ရသည် ။

ဤသို့သော အခြေအနေအောက်တွင် အစိုးရဘက်ကလည်း မည်သည့် ကမ်းလှမ်းမှုမျှ မပြုလုပ်တော့၍ တွေ့ဆုံ ဆွေးနွေးပွဲလမ်းကြောင်း မရှိတော့ဘဲ စစ်ပွဲလမ်းကြောင်းပေါ်သို့ ရောက်သွားသည် ကတော့ မလွဲမရှောင်သာပင် ဖြစ်ပေတော့သည် ။ ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်မှစ၍ အဆိုပါ သုံးဖွဲ့နှင့် KIA ပူးပေါင်း မြောက်ပိုင်း မဟာမိတ်အဖွဲ့၏ စစ်ဆင်ရေး လှုပ်ရှားမှု ပေါ်ထွက်လာသောအခါ တွေ့ဆုံ ဆွေးနွေးရေး လမ်းကြောင်းသည် ပိုဝေးကွာလာသည် ဟု ဆိုရမည်။ ထိုစစ်ပွဲများ ဖြစ်လာပြီးနောက် အစိုးရ နိုင်ငံတော် အတိုင်ပင်ခံရုံးမှ ၄င်းအဖွဲ့များအား တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ အဖြစ် ဆက်လက်သုံးစွဲပြီး ဆွေးနွေးပွဲ လမ်းကြောင်း ဖွင့်ထား သေးသော်လည်း တပ်မတော်ကမူ အကြမ်းဖက် သောင်းကျန်းသူ အဖွဲ့များ အဖြစ် ပြောင်းလဲ သုံးစွဲခဲ့သည် ။

တပ်မတော်နှင့် နီးစပ်သော ကြံ့ခိုင်ရေးပါတီ ကိုယ်စားလှယ်များကလည်း ထိုအဖွဲ့များကို အကြမ်းဖက် အဖွဲ့အစည်းအဖြစ် သတ်မှတ်ရန် ပြည်သူ့လွှတ်တော်သို့ တင်ပြခဲ့သော်လည်း ထိုအဆို မအောင်မြင်ခဲ့ချေ။ ကြံ့ခိုင်ရေးပါတီနှင့် တပ်မတော် ကိုယ်စားလှယ်တို့ အင်အားများ သောရှမ်းပြည်နယ် လွှတ်တော်တွင် မူ ထိုအဖွဲ့များအား အကြမ်းဖက် အဖွဲ့အစည်းအဖြစ် သတ်မှတ်သည့် အဆို အောင်မြင်ခဲ့သည် ။ သို့သော်လည်း ၂၀၀၈ အခြေခံဥပဒေအရ ပြည်နယ်လွှတ်တော်၏ ဆုံးဖြတ်ချက်သည် ပြည်ထောင်စု အစိုးရသို့ သက်ရောက်မှု မရှိခဲ့ပေ။ မည်သို့ပင် ဖြစ်စေ NLD

အစိုးရနှင့် တပ်မတော်ကြား ကွဲပြားနေသည့် သဘောထားကို မြင်တွေ့ခဲ့ရသည် ဟု ဆိုနိုင်ပါသည် ။

၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၀ ရက်နေ့မှ စ၍ ရှမ်းပြည်မြောက်ပိုင်း၊ ရတ်နယ်စပ်တစ်လျှောက် တိုက်ပွဲများ ပြန်လည် ဖြစ်ပွားလာချိန်တွင် တရုတ်နယ်စပ် တည်ငြိမ်ရေးကို ရှေးရှုသည့် တရုတ်တို့ ကြားဝင် စေ့စပ်ညှိနှိုင်းရန် တက်တက်ကြွကြွ လှုပ်ရှား လာပြီး တရုတ်ပြည်တွင်း နှစ်ဖက်တွေ့ဆုံရန် စီစဉ်ပေးခဲ့သော်လည်း ထိုအဖွဲ့များ နှင့် ငြိမ်းချမ်းရေးကော်မရှင် ယခုတိုင် တွေ့ဆုံနိုင်ခြင်း မရှိသေးပေ။

ထိုအဖွဲ့များ နှင့် ပတ်သက်၍ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၈ ရက်နေ့တွင် ပြုလုပ်ခဲ့သော သတင်းစာ ရှင်းလင်းပွဲ၌ ဗိုလ်ချုပ်ကြီးမြထွန်းဦးက ထပ်မံ ဖော်ပြသည် မှာ - "အဖွဲ့အစည်းဆိုပြီး သတ်မှတ်တဲ့ အထဲမှာ ခုနတုန်းက ကျွန်တော်ပြောခဲ့သလို AA အဖွဲ့အစည်းနဲ့ ပတ်သက်ပြီး ကျွန်တော် ပြောခဲ့တယ်၊ ရှင်းလင်းတဲ့ အထဲမှာ AA နဲ့ အတူ MNDAA ဆိုတာ ရှိတယ်။ နောက်တစ်ခုက TNLA ဆိုတာ ရှိတယ်။ ဒီသုံးဖွဲ့က အရပ်သားအစိုးရဆိုပြီး ဒီမိုကရေစီအစိုးရ ပေါ် လာပြီးတဲ့ အချိန်ကျမှ ဖြစ်လာတဲ့ အဖွဲ့တွေ၊ လွတ်လပ်ရေး ရပြီးကတည်းက နိုင်ငံရေး ခံယူချက်အရ သော်လည်းကောင်း၊ စီးပွားရေးအရ သော်လည်းကောင်း စသဖြင့် ခံယူချက်တွေနဲ့ ပေါ်လာတဲ့ အဖွဲ့အစည်းတွေ မဟုတ်ဘူး ။ နောက်ပိုင်းမှ ဖြစ်လာကြတဲ့ အဖွဲ့အစည်းတွေ။ ဒီအဖွဲ့အစည်းတွေ ကိုတော့ ကျွန်တော်တို့ သီးခြားစီ သတ်မှတ်ပြီး သူတို့ ကို ငြိမ်းချမ်းရေးဖိတ်ခေါ်၊ ငြိမ်းချမ်းရေး ဆွေးနွေးပြီးတော့ NCA လက်မှတ်ထိုးပါ စသဖြင့် ကျွန်တော်တို့ ပြောနေစရာ အကြောင်းမရှိဘူးလေ" ဟူ၍ ဖြစ်ပါသည် ။ ဤသို့ တပ်မတော်၏ သဘောထားကို ရှင်းလင်းစွာ တွေ့ရသော်လည်း ထိုသုံးဖွဲ့နှင့်ပတ်သက်၍ NLD အစိုးရ၏ သဘောထားကို ရှင်းလင်းစွာ ဖော်ပြခြင်း မ

တွေ့ရသေးပေ။

သို့ဖြစ်ရာ ယခုအချိန်ထိ အဆိုပါသုံးဖွဲ့ ငြိမ်းချမ်းရေး ဆွေးနွေးပွဲတွင် ပါဝင်ရေးမှာ အလှမ်းဝေးနေဆဲဟု ဆိုရမည်။ တပ်မတော်၏ သဘောထားမှာ ထိုသုံးဖွဲ့ လက်နက်မစွန့်ပါက တရုတ်ပြည်နှင့် ဆက်ဆံရေးကောင်းမွန်အောင် ကြိုးစား၍ ထိုသုံးဖွဲ့၏ အထောက်အကူလမ်းကြောင်းအား ဖြတ်တောက်၍ စစ်ရေးအရ တိုက်ခိုက်ရန် ရည်ရွယ်ပုံရသည် ဟု ဆိုရမည်။

တစ်ချိန်တည်းတွင် လက်တွေ့ အနေအထားအရ ၂၀၀၉ ခုနှစ်က အင်အားသုံး ဖယ်ရှားခံခဲ့ရသည့် ကိုးကန့်အဖွဲ့သည် ၂၀၁၃ ခုနှစ်မှ ပြန်လည် စတင်လှုပ်ရှားခဲ့ပြီးနောက် ယခုအချိန်တွင် တပ်မဟာ ၃ ခုနှင့် အင်အား ၄၅၀၀ ခန့်ဖြင့် လည်းကောင်း၊ ၂၀၀၉ ခုနှစ် နှစ်ဆန်းပိုင်းက လူအင်အား ၂၆ ယောက်ဖြင့် စတင် ဖွဲ့စည်းခဲ့သည့် AA မှာ လည်း ယခုအခါ အင်အား ၃၅၀၀ ခန့် ရှိ လာပြီး အင်အားအများ စုမှာ တရုတ်နယ်စပ်တွင် ရှိနေသော်လည်း အင်အားအချို့မှာ ၂၀၁၅ မှ စ၍ ရခိုင်ပြည်နယ် မြောက်ပိုင်းသို့ စတင် ထိုးဖောက်ကာ တပ်မတော်နှင့် ထိတွေ့မှု ဖြစ်နေသည်ကို လည်းကောင်း၊ ၂၀၁၂ နှစ်ဆန်းမှ စ၍ အင်အား ၄၄ ယောက်နှင့် စတင်ခဲ့သည့် PSLF/ TNLA မှာ လည်း ယခုအခါ တပ်မဟာ ၆ ခု အင်အား ၇၀၀၀ ခန့်အထိ လည်းကောင်း တိုးတက် များ ပြားလာသည် ကို တွေ့ရသည် ။ ထို့ပြင် ထိုအင်အားများ သည် လက်ရှိ နိုင်ငံရေး အခြေအနေအောက်တွင် နိုင်ငံရေးအရသာမက စစ်ရေးအရပါ စုစည်းမိနေသည် ကို တွေ့ရသည် ။ ထို့ပြင် ၄င်းသုံးဖွဲ့သည် NCA လက်မှတ်ထိုးရန် ငြင်းဆန်နေသော UWSA နှင့်ပါ နိုင်ငံရေးအရရော စစ်ရေးအရပါ ပို၍ နီးကပ်လာသည် ကို တွေ့မြင်နေရသည် ။ သို့ဖြစ်ရာ ထိုလက်နက်ကိုင် အင်အားများ ဆွေးနွေးပွဲစားပွဲပေါ် မရောက်သရွေ့ မြောက်ပိုင်းတွင် ပြင်းထန်သော စ

စ်ပွဲများ ရှောင်လွှဲရန် ခက်ခဲနေပေသည် ။

မည်သို့ဆိုစေ မြောက်ပိုင်းအဖွဲ့ သုံးဖွဲ့အား NCA လက်မှတ်ထိုးခွင့်ပြု ရေး၊ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွင်း ပါဝင်ခွင့်ပြုရေး ပြဿနာသည် UNFC အဖွဲ့ဝင်များ NCA လက်မှတ်ထိုးရေး၊ UWSA နှင့် မိုင်းလားအဖွဲ့တို့ လက်မှတ်ထိုးရေး စသည် တို့ နှင့် တစ်ဆက်စပ်တည်း ဖြစ်နေပေရာ အ ဆိုပါ ပြဿနာအား သေချာစွာ ကိုင်တွယ်၍ လိုအပ်သည့် ဖြေလျှော့ စဉ်း စားမှုများ ပြုလုပ်ပေးခြင်းသည် NCA အကျပ်အတည်းကို ကျော်လွှားနိုင် မည့် ကွင်းဆက် ပြဿနာတစ်ခုဟု ဆိုရပါမည်။

## NCA ထိုးပြီးအဖွဲ့များ နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်

NCA လက်မှတ်ထိုးထားပြီးသော အဖွဲ့ ရှစ်ဖွဲ့ထဲတွင် လက်နက်ကိုင် အင်အား အတောင့်တင်းဆုံး အဖွဲ့နှစ်ဖွဲ့လည်း ဖြစ်ပြီး၊ ပြည်နယ် ကိုယ် စားပြုမှုလည်း ရှိသည် ဟု ဆိုနိုင်သည့် အဖွဲ့နှစ်ဖွဲ့မှာ KNU နှင့် RCSS တို့ ဖြစ်သည် ။ အစိုးရနှင့် သော်လည်းကောင်း၊ တပ်မတော်နှင့် သော်လည်း ကောင်း ဆက်ဆံရေး ကောင်းမွန်သည် ဟု သတ်မှတ်ခံထားရသည့် အဖွဲ့နှစ်ဖွဲ့ ဖြစ်သည် ။ NCA လက်မှတ်ထိုးထားသော အဖွဲ့များ ဖြစ်၍ ငြိ မ်းချမ်းရေး လုပ်ငန်းစဉ်နှင့် UPDJC တို့ တွင် တက်ကြွစွာ ပါဝင် လှုပ်ရှား နေသော်လည်း သူတို့ တွင် အကျပ်အတည်းတစ်ခု ရှိနေသည် ။ ၄င်း အ ကျပ်အတည်းမှာ ရှေ့ဆက်ရမည့် နိုင်ငံရေးလုပ်ငန်းစဉ် အကျပ်အတည်း ဟု ဆိုရပါမည်။

တစ်ခုမှာ လက်ရှိ NCA ထိုးထားသော ရှစ်ဖွဲ့သည် ပင်လျှင် NCA စာချုပ်ပါအတိုင်း လွယ်လွယ်ကူကူ မဖြစ်ခြင်း ဖြစ်သည် ။ အမျိုးသားအ

ဆင့် အစည်းအဝေးများကို ဦးစွာအားဖြင့် ကရင်ပြည်နယ်နှင့် တနင်္သာရီတိုင်းတွင် ခွင့်ပြုချက် ရရှိခဲ့သည် ။ နောက်ပိုင်းတွင် မှ ရှမ်းတောင်နှင့် ပအိုဝ်တွင် ခွင့်ပြုခဲ့သည် ။ ၂၀၁၇ ဖေဖော်ဝါရီ ၂၈ ရက်နေ့တွင် ဒုတိယအကြိမ် ၂၁ ရာစု ပင်လုံညီလာခံ ကျင်းပရန် လျာထားသည့် ဖေဖော်ဝါရီ ၆ ရက်နေ့တွင် ပြုလုပ်သည့် UPDJC အစည်းအဝေးအထိ ချင်းနှင့် ရခိုင်တွင် ကျင်းပခွင့် မရခဲ့ချေ။ ထို့ကြောင့်လည်း ၄င်းတို့ ပြည်နယ်အလိုက် အမျိုးသားအဆင့် အစည်းအဝေး ကျင်းပနိုင်ခြင်း မရှိဘဲ ဒုတိယအကြိမ် ပင်လုံညီလာခံ ကျင်းပခြင်းသည် အဓိပ္ပာယ်မရှိဟု ကန့်ကွက်ခဲ့သည် ။

ထို့ပြင် NCA လက်မှတ်ထိုးထားသော CNF နှင့် ALP က ၄င်းတို့ ပြည်နယ်များ တွင် အမျိုးသားအဆင့် ဆွေးနွေးပွဲ လုပ်ခွင့်မရဘဲ ဒုတိယအကြိမ် ၂၁ ရာစု ပင်လုံညီလာခံသို့ တက်၊ မတက်အား ၄င်းတို့ ပါတီများ ၏ ဗဟိုကော်မတီ အစည်းအဝေးများ တွင် ပြန်လည် ဆုံးဖြတ်ရမည်ဟု ဆိုခဲ့ကြသည် ။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီ လလယ်ခန့်တွင် ဒုတိယအကြိမ် ပင်လုံညီလာခံ ရက်ရွှေ့လိုက်ကြောင်း ကြားသိရပြီး ချင်းပြည်နယ်တွင် အမျိုးသားအဆင့် အစည်းအဝေးများ ပြုလုပ်ခွင့်ပြုသည် ဟု သိရသည် ။ ၂၀၁၇ ဖေဖော်ဝါရီ ၂၀ ရက်နေ့တွင် မှ ချင်း အမျိုးသားနိုင်ငံရေး ဆွေးနွေးမှု ကြီးကြပ်ရေး ကော်မတီကို ဖွဲ့စည်းခဲ့သည် ။ သို့သော် ချင်းအမျိုးသား ဆွေးနွေးပွဲများကို ဟားခါးတွင် ကျင်းပခွင့်မပြုဘဲ ထန်တလန်မြို့တွင် သာ ကျင်းပခွင့်ပြုခဲ့သည် ဟု ဆိုသည် ။ သို့သော် ALP က တောင်းဆိုသည့် ရခိုင်ပြည်နယ်၌ အမျိုးသားအဆင့် ဆွေးနွေးပွဲကိုမူ ခွင့်မပြုခဲ့ပေ။ ထို့ပြင် ရှမ်းပြည်နယ်တွင် ဆွေးနွေးခွင့် ပြုခဲ့သည် ဟု ဆိုသော်လည်း လက်တွေ့ ကျင်းပနိုင်ရေး ညှိနှိုင်းမှုများ မအောင်မြင်သေး၍ ယနေ့တိုင် မကျင်းပနိုင်သေးပေ။ သို့ဖြစ်ရာ NCA လက်မှတ် ထိုး

ထားပြီးသူများ နှင့် ပတ်သက်၍ NCA သဘောတူချက်ပါအတိုင်း အကောင်အထည်ဖော်မှုများမှာ လစ်ဟာချက်များ ရှိနေသည် ဟု ဆိုရမည်။

ထို့ပြင် NCA ထိုးထားသည့် အဖွဲ့ရှစ်ဖွဲ့မှာ လည်း ၂၀၁၇ ဇန်နဝါရီလ ၁၀ ရက်နှင့် ၁၁ ရက်နေ့ များ တွင် လော်ခီးလာ၌ ဆွေးနွေးပွဲ ပြုလုပ်ပြီး ဒေါ်အောင်ဆန်းစုကြည်နှင့် လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်နှင့် လည်းကောင်း တွေ့ဆုံ ဆွေးနွေးခွင့် တောင်းခံခဲ့သည် ။ သို့နှင့် စောမူတူးစေးဖော ခေါင်းဆောင်သည့် NCA လက်မှတ်ထိုးပြီး ရှစ်ဖွဲ့မှ ကိုယ်စားလှယ်များ သည် ၂၀၁၇ ဇန်နဝါရီ ၂၃ ရက်နေ့တွင် ဒေါ်အောင်ဆန်းစုကြည်နှင့် လည်းကောင်း၊ ကာကွယ်ရေးဦးစီးချုပ်နှင့် လည်းကောင်း တွေ့ဆုံခဲ့ကြသည် ။ ထိုတွေ့ဆုံမှုများ တွင် လက်နက် သယ်ယူမှုဖြင့် အဖမ်းခံနေရသော ALP ဒုဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ ၊ မတရားသင်း ဆက်သွယ်မှုဖြင့် အဖမ်းခံနေရသော ABSDF ခေါင်းဆောင်တစ်ဦး ကိစ္စများ ပါဝင်သော်လည်း ဖြေလျှော့ပေးခြင်း မရှိခဲ့ပါ။ သို့သော် NCA ထိုးပြီး ကိုယ်စားလှယ် အဖွဲ့ကလည်း ထိုကိစ္စအား ကိစ္စကြီးအဖြစ် သဘောထား ဆွေးနွေးပုံမရပေ။

အဆိုပါ ဆွေးနွေးပွဲ၌ ၂၀၁၇ ဇန်နဝါရီလ ၁၇ ရက်နေ့ ကရင်ပြည်နယ်၊ ဘားအံမြို့၌ ကျင်းပသော အမျိုးသားအဆင့် ဆွေးနွေးပွဲအဖွင့်တွင် KNU ဥက္ကဋ္ဌ စောမူတူးစေးဖော ပြောကြားသည့် အမျိုးသားပြန်လည်သင့်မြတ်ရေးသည် ငြိမ်းချမ်းရေးနှင့် ရှင်သန်ရေးတွင် အရေးကြီးကြောင်း၊ NCA ထိုးရာတွင် ပါဝင်မလာသေးသည့် အဖွဲ့များ ပါဝင်လာရေးအတွက် အစိုးရနှင့် တပ်မတော် သဘောထားကြီးပြီး မူဝါဒဆိုင်ရာ ဖြေလျှော့မှုအချို့ ပြုလုပ်ခြင်း၊ အင်အားသုံး တိုက်ခိုက်မှုများ ရပ်တန့်ထားရန် ကရင်အမျိုးသားတို့ က တောင်းဆိုကြောင်း စသည့် အချက်အလက်များ ပေါ်အခြေခံ၍ အားလုံးပါဝင်ရေး တောင်းဆိုမှုကို အဓိကထားခဲ့ပုံရသည် ။

ထို့ပြင် အားလုံး မပါဝင်နိုင်သေးသည့်အပြင် လက်မှတ်ထိုးထားသည့် အဖွဲ့များ အမျိုးသားအဆင့် ဆွေးနွေးပွဲများ မလုပ်ရသေးသည့် အချိန်တွင် ၂၁ ပင်လုံညီလာခံ ဒုတိယအကြိမ်အား အချိန်ရွှေ့ဆိုင်းရန် တောင်းဆိုမှု ပြုခဲ့ကြသည် ဟု ဆိုပါသည် ။

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၃ ရက်နေ့ တရုတ်ပြည် ခွင်းမင်မြို့၌ KNU ဌက္ကဌ စောမူတူးစေးဖောနှင့် KNU ခေါင်းဆောင်များ တရုတ် သံတမန် မစ္စတာဆွန်ကောက့်ရှန်နှင့် တွေ့ဆုံရာ၌ ထိုအချက်ကို အလေးထား ပြောဆိုခဲ့ကြသည် ။ "ငြိမ်းချမ်းရေး ရရန်အတွက် အပစ်ရပ်ရန်လိုကြောင်း၊ ယခု ရှစ်ဖွဲ့သာ NCA လက်မှတ်ထိုးနိုင်သေးကြောင်း၊ ယင်းမှာ မလုံလောက်မကြောင်း၊ ကျန်အဖွဲ့များ ပါဝင်ရေး ဆက်လက် လုပ်ဆောင်ရန် လိုအပ်ကြောင်း၊ KNU အနေဖြင့် ကြိုးစားနေကြောင်း၊ ဤအကြောင်းကို ဒေါ်အောင်ဆန်းစုကြည်နှင့် တပ်မတော် ကာကွယ်ရေး ဦးစီးချုပ်အား ပြောဆို ဆွေးနွေးခဲ့ပြီး ဖြစ်ကြောင်း" KNU ခေါင်းဆောင်များက ဆွေးနွေးခဲ့သည် ဟု ဆိုပါသည် ။

KNU ခေါင်းဆောင်များ အနေဖြင့် ဖေဖော်ဝါရီ ၁၃ ရက်နေ့က တရုတ်ပြည်၌ တရုတ်သံတမန် နှင့် တွေ့ဆုံခြင်းသည် လည်းကောင်း၊ ဖေဖော်ဝါရီ ၁၄၊ ၁၅၊ ၁၆ ရက်နေ့များ တွင် KIA ဌာနချုပ်ရှိရာ လိုင်ဇာသို့ သွားရောက်၍ KIA ခေါင်းဆောင်များ နှင့် တွေ့ဆုံခြင်းသည် လည်းကောင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အားလုံး ပါဝင်နိုင်ရေးအတွက် ကြိုးပမ်း အားထုတ်မှုဟု ဆိုရပါမည်။ ဤသို့ သွားရောက်သည့် အဖွဲ့တွင် KNU ခေါင်းဆောင်များ မက RCSS အကြံပေး နှစ်ဦးလည်း ပါဝင်ပေရာ အထက်ပါ သဘောထားများ သည် KNU တစ်ဖွဲ့တည်း သဘောထား မဟုတ်ဘဲ NCA လက်မှတ် ထိုးထားသော အဖွဲ့အားလုံး၏ သဘောထားဟု ဆိုရပါမည်။

ဤသည်  မှာ NCA လက်မှတ်ရေးထိုးထားသည့် အဖွဲ့များ ၏ နိုင်ငံရေး အကျပ်အတည်းဟု ဆိုရပါမည်။ ရှေ့ဆက်မည့် ၂၁ ရာစု ပင်လုံလာခံနှင့် နိုင်ငံရေး ဆွေးနွေးပွဲများ တွင် ကျန်သောအဖွဲ့များ မပါဘဲ ရှေ့ဆက်ရန် ခက်ခဲသကဲ့သို့ တိုင်းရင်းသား အဖွဲ့အားလုံး မပါဘဲ အဖြေထွက်ရန်လည်း ခက်ခဲနေသည့် အကျပ်အတည်းဟု ဆိုရပါမည်။

တစ်ချိန်တည်းတွင် လည်း NCA ထိုးထားသည့် RCSS နှင့် တပ်မတော်ကြား တိုက်ပွဲငယ်အချို့ ဖြစ်ပွားနေသေးသည် ။ JMC တွင် တင်ပြဆွေးနွေးနေဆဲ ဖြစ်သော်လည်း မတ်လတွင်း၌ နှစ်ကြိမ်၊ ဧပြီလဆန်းတွင် စ်ကြိမ် ထပ်မံ ဖြစ်ပွားဆဲဖြစ်၍ NCA အရ တပ်နေရာ ချထားရေး ပြဿနာအား NCA လက်မှတ်ထိုးပြီး တစ်နှစ်ကျော်ကြာသည် အထိ ဖြေရှင်းရန် ကျန်နေဆဲ ဖြစ်နေသည် ဟု ဆိုရပါမည်။

## NCA မထိုးသေးသည့် အဖွဲ့များ ၏ အကျပ်အတည်း

လက်ရှိ NCA မထိုးသေးသော အဖွဲ့များ တွင် လည်း ပြည်တွင်း ပြည်ပ ဖိအားများကြောင့် အကျပ်အတည်း ရှိနေသည် ကတော့ အမှန်ပင် ဖြစ်သည် ။ ပြည်တွင်းအနေဖြင့်ဆိုလျှင် NCA လက်မှတ်ထိုးရာတွင် ပါဝင်ခြင်း မရှိသေးသော အဖွဲ့များ သည် ဒေါ်အောင်ဆန်းစုကြည်နှင့် NLD အစိုးရသစ်အပေါ် မျှော်လင့်ချက်ကြီးမားစွာ ထားရှိခဲ့သည် ကို ရွေးကောက်ပွဲ မတိုင်မီက သူတို့ ၏ ပြောဆိုချက်များ ၊ သူတို့ ၏ ထုတ်ပြန်ကြေညာချက်များ တွင် တွေ့မြင်နိုင်သည် ။

သူတို့ အားလုံး မျှော်လင့်ခဲ့ကြသည် မှာ ဒေါ်အောင်ဆန်းစုကြည် ခေါင်းဆောင်သည့် NLD အစိုးရသစ် လက်ထက်တွင် ငြိမ်းချမ်းရေး လုပ်ငန်း

စဉ်နှင့် ပတ်သက်၍ ယခင် အစိုးရဟောင်းနှင့် မတူခြားနားသည့် ချဉ်းကပ်မှု၊ လုပ်ဆောင်မှုများကို မျှော်လင့်ခဲ့ကြသည် ။ သို့သော် သူတို့ မျှော်လင့်သကဲ့သို့ ဖြစ်မလာခဲ့ဟု ဆိုရမည်။ ပထမအကြိမ် ၂၁ ရာစု ပင်လုံညီလာခံတွင် အားလုံး ပါဝင် တက်ရောက်နိုင်အောင် သူမအနေဖြင့် ကြိုးပမ်းအားထုတ်ခဲ့သော်လည်း ညီလာခံ အဖွင့်နေ့တွင် NCA ထီးရိပ်အောက်တွင် ဆက်သွားမည်ဟု ဆိုခဲ့ပြီး ယခင်အစိုးရဟောင်း၏ လမ်းကြောင်းကိုပင် စွဲကိုင်လိုက်ရာ NCA လက်မှတ်ထိုးရာတွင် မပါဝင်သေးသည့် အဖွဲ့များ အတွက် NCA သည် ရှေ့တန်းရောက်သည့် ပြဿနာ ဖြစ်လာတော့သည် ။

ထို့ပြင် နောက်ပိုင်း NCA လက်မှတ်ထိုးခြင်း တစ်နှစ်ပြည့် အခမ်းအနား၊ UPDJC အစည်းအဝေးများ နှင့် အနှစ် ၇၀ ပြည့် ပြည်ထောင်စုနေ့ တို့ တွင် လည်း ဒေါ်အောင်ဆန်းစုကြည်သည် NCA ထိုးရေးကိုသာ ဦးတည်ပြောဆိုခဲ့ပြီး NCA ဘောင်အတွင်းမှ နိုင်ငံရေး ဆွေးနွေးပွဲသွားရန် ထပ်ခါထပ်ခါ ပြောဆိုခဲ့သည် ။ သို့ဖြစ်ရာ ယခင် ပြည်တွင်း ဒီမိုကရက်တစ်အတိုက်အခံအဖြစ် ရပ်ခံခဲ့သည့် ဒေါ်အောင်ဆန်းစုကြည်ကပါ NCA ထိုးရေးကို ရပ်ခံခဲ့ရာ NCA လက်မှတ်မထိုး သေးသော တိုင်းရင်းသား အဖွဲ့များ အတွက် ပြည်တွင်းဖိအားတစ်ခု တိုးလာသည် ဟု ဆိုရမည်။ ထို့ပြင် ထိုသို့ပြောဆိုမှုသည် NCA သဘောတူညီချက်အား ပြင်ဆင်လိုသော UNFC ကိုလည်း ပြင်ဆင်ရန်မလိုဘဲ ထိုးစေလိုသည့် သဘောထားကို တွေ့ရှိရသည် ။

ဤသို့ ပြည်တွင်းဖိအားကို ရင်ဆိုင်နေရသော တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ အတွက် ပြည်ပ နိုင်ငံတကာ၏ ဖိအားကိုလည်း ရင်ဆိုင်နေရသည် ။ အမေရိကန်၊ ဂျပန်နှင့် အနောက် အင်အားစုများ သည် မြန်မာပြည် ပြည်တွင်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ဘဏ္ဍာရေးအရ ကူ

ညီအားပေးနေသည့် တစ်ချိန်တည်းတွင် မြန်မာပြည် ပြဿနာအား စားပွဲဝိုင်းတွင် တွေ့ဆုံ ဖြေရှင်းစေလိုကြသည် ။ ထို့အတူ NCA ကိုလည်း လက်မှတ် ရေးထိုးစေလိုကြသည် ။ NCA နှင့် ပတ်သက်၍ တိုင်းရင်းသားအဖွဲ့များ မကျေလည်မှုကို သိရှိသော်လည်း ဤပြဿနာမျှလောက်တော့ ရင်ဆိုင်ရနိုင်သည် ဆိုသည့် သဘောထား ရှိပုံရသည် ။ သို့သော် အမေရိကန်နှင့် အနောက်အုပ်စု သဘောထားသည် KIO နှင့် UNFC အဖွဲ့ဝင်များ အပေါ်သာ သက်ရောက်သည် ။ မြောက်ပိုင်းရှိ အဖွဲ့များ အပေါ် သက်ရောက်ခြင်း မရှိချေ။

သို့သော်လည်း မြောက်ပိုင်းရှိ လက်နက်ကိုင်အဖွဲ့များ နှင့် နီးစပ်၍ ဩဇာရှိသည် ဟု ဆိုနိုင်သော တရုတ်ကလည်း အလားတူပင် မြန်မာပြည်တွင်း ပြဿနာကို ငြိမ်းချမ်းစွာ ဖြေရှင်းလိုသည် ။ နယ်စပ် တည်ငြိမ်အေးချမ်းရေးကို အလိုရှိသည် ။ မြန်မာပြည်တွင်း ပြဿနာများ နှင့် ပတ်သက်၍ မည်သူမှားသည် ၊ မည်သူမှန်သည် စသဖြင့် တရုတ်တို့ အနေဖြင့် ပါဝင်မည် မဟုတ်သော်လည်း ပြဿနာကို စားပွဲဝိုင်းပေါ်၌ ဖြေရှင်းနိုင်ရေးအတွက် NCA ထိုးရန် လိုအပ်ပါက ၊ ထိုးစေလိုသည့် သဘောထား တရုတ်တို့ တွင် ရှိလာသည် ကို တွေ့နေရသည် ။ အထူးသဖြင့် ၂၀၁၆ ခုနှစ်ကုန်ပိုင်း မြောက်ပိုင်းစစ်ပွဲ ဖြစ်ပွားချိန်တွင် တရုတ်သံတမန်သည် ၄င်းကိစ္စနှင့် ပတ်သက်၍ ပြေးပြေးလွှားလွှား အားထုတ်နေသည် ကို တွေ့နေရသည် ။

UWSA အပါ မြောက်ပိုင်းရှိ တိုင်းရင်းသား လက်နက်ကိုင်များ အနေဖြင့် တရုတ်၏ ဩဇာခံ မဟုတ်သော်လည်း နယ်စပ်ချင်း များ စွာ ဆက်နေပြီး၊ ကူးလူးဆက်ဆံမှု များ စွာရှိနေသည့် တရုတ်၏ သဘောထားကို ပစ်ပယ်၍ မရနိုင်ပေ။ အကြောင်းမှာ အနောက်အုပ်စုဖြစ်စေ၊ တရုတ်ဖြစ်စေ ဖိအားပေးမှုများကို UWSA အပါအဝင် တိုင်းရင်းသား လ

က်နက်ကိုင် အဖွဲ့များ ထည့်သွင်း စဉ်းစားရန် လိုအပ်နေသည် ။ အဘယ်ကြောင့် ဆိုသော် နိုင်ငံတကာ၏ စာနာနားလည် ထောက်ခံမှုကို သူတို့ အဆုံးရှုံး မခံနိုင်ကြပေ။

တစ်ဖက်တွင် လည်း မွန်ပြည်သစ်ပါတီ NMSP ချုပ်ကိုင်သည့် ဒေသဖြစ်သည့် သံဖြူဇရပ်နှင့် ဘုရားသုံးဆူကြားတွင် စစ်ရေးအရ တင်းမာမှု ဖြစ်ခဲ့ပြီး ပြန်လည် ဖြေရှင်းနိုင်ခဲ့သော်လည်း NCA လက်မှတ်ထိုးရန် မြန်မာ စစ်ဘက် တာဝန်ရှိသူများက တွန်းအားပေးခဲ့သည် ဟု ဆိုရာ မွန်ပြည်သစ် ပါတီအတွက် သတိပေး ခေါင်းလောင်းသံသဖွယ် ဖြစ်ခဲ့သည် ။

သို့ဖြစ်ရာ NCA နှင့်ပတ်သက်၍ ပြည်တွင်း၊ ပြည်ပ ဖိအားများကို ရင်ဆိုင်နေရသည့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ သည် NCA ပြဿနာ ဖြေရှင်းရန် အဖြေရှာကြရတော့မည်။ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့က စတင်သည့် ဝနယ် ပန်ဆန်းခေါ် ပန်ခမ်း၌ ပြုလုပ်သော အစည်းအဝေး၌ NCA မထိုးသေးသော အဖွဲ့များ အနေဖြင့် NCA နှင့်ပတ်သက်၍ မည်သို့ စုစည်း ဖြေရှင်းသွားမည်ဆိုသည့် ဘုံသဘောတူညီချက် တစ်ရပ်ကို ရရှိအောင် ရှာဖွေရန် ကြိုးပမ်းခဲ့ကြတော့သည် ။

## ပန်ဆန်းညီလာခံ

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၂ ရက်နေ့မှ စတင်ခဲ့သော ပန်ဆန်း ညီလာခံတွင် UWSA, NDAA၊ KIA၊ SSPP-SSA၊ TNLA၊ MNDAA၊ AA စသည့် အဖွဲ့ ခုနစ်ဖွဲ့ တက်ရောက်သည် ။ ဖိတ်ကြားထားသည့် အထဲမှ NMSP နှင့် KNPP တို့ လမ်းခရီး အခက်အခဲကြောင့် မတက်ရောက် နိုင်ခဲ့ကြဟု

ဆိုပါသည် ။ အဆိုပါ ညီလာခံတွင် လေ့လာသူအဖြစ် NCA လက်မှတ်ထိုး ထားသည့် KNUမှ ဒုစစ်ဦးစီးချုပ်ဖြစ်သူ ဘောကျော်ဟဲနှင့် NCA လက်မှ တ်ထိုးရာတွင် မပါဝင်သည့် DKBA မှ စောဆန်းအောင် တို့ လည်း လေ့ လာသူအဖြစ် တက်ရောက်ခဲ့ကြသည် ဟု ဆိုသည် ။

ယခုအကြိမ် ပန်ဆန်းညီလာခံ ဖြစ်လာရခြင်းမှာ နိုင်ငံရေးအခြေအ နေ၊ စစ်ရေး အခြေအနေများကြောင့်ဟု ဆိုရမည်။ နိုင်ငံရေးအရဆိုလျှင် NCA လက်မှတ်ရေးထိုးရန် ငြင်းဆန်ထားသည့် UWSA နှင့် NDAA မိုင်း လား အဖွဲ့တို့ အဖို့ NCA လက်မှတ်ရေးထိုး၍ ဆွေးနွေးပွဲ စားပွဲသို့ သွားရ န် တရုတ်တို့ မှ ဖိအားပေး တောင်းဆိုနေသည့် အခြေအနေတွင် နိုင်ငံ ရေးဆွေးနွေးပွဲသို့ ၎င်းတို့ သွားရောက်မည့် လမ်းကြောင်းအသစ်ကို ပုံ ဖော်လိုခြင်းကြောင့်လည်း ဖြစ်သည် ။ ထို့ပြင် NCA လက်မှတ်ထိုးရန် အ ချက် ၉ ချက် တောင်းဆိုထားသည့် UNFC အဖွဲ့ဝင်များ အဖို့ လည်း အစိုး ရသစ်တက်ပြီး တစ်နှစ်ခန့် ကြာမြင့် လာပြီ ဖြစ်သော်လည်း ညှိနှိုင်းရနိုင် ခြင်း မရှိသေးသည့် အခြေအနေ ဖြစ်နေခြင်းကြောင့် လမ်းကြောင်းသစ် တစ်ခုကို ရှာနိုင်ရန် ကြိုးပမ်း အားထုတ်လို၍ ဖြစ်သည် ဟု ဆိုနိုင်ပါသ ည် ။ ၂၀၁၆ ခုနှစ် ဒီဇင်ဘာလ ၂၂ ရက်နေ့ ပန်ဆန်း၌ ပေါက်ယိုချမ်း ခေါ င်းဆောင်သော UWSA ခေါင်းဆောင်များ နှင့် နိုင်ဟံသာ ခေါင်းဆောင် သော UNFC အဖွဲ့ဝင်များ တွေ့ဆုံပြီးနောက် ဤအစည်းအဝေး ဖြစ်လာ သည် ဟု သုံးသပ်ရသည် ။

ထို့ပြင် စစ်ရေးအရလည်း ပထမအကြိမ် ၂၁ ရာစု ပင်လုံညီလာခံအပြီး နောက်ပိုင်းမှ စ၍ KIA ဒေသတွင်း၌ တိုက်ပွဲများ တ စ်စတစ်စ တိုး၍ ဖြစ်ပွားလာခဲ့ပြီးနောက် တပ်မတော်၏ ထိုးစစ်အား တုံ့ပြန်နိုင်ရန်ဟူသည့် ရည်ရွယ်ချက်ဖြင့် ၂၀၁၆ ခုနှစ် နိုဝင်ဘာလ ၂၀ ရ က်မှ စ၍ KIA၊ MNDAA၊ TNLA၊ AA အဖွဲ့လေးဖွဲ့ ပါဝင်သည့် မြောက်ပိုင်း

မဟာမိတ်အဖွဲ့၏ စစ်ရေးလှုပ်ရှားမှု ပေါ်ပေါက် လာပြီး လားရှိုး-မူဆယ် ကားလမ်းတစ်လျှောက်တွင် လည်းကောင်း၊ မုန်းကိုးဒေသတွင် လည်းကောင်း ပြင်းထန်သော တိုက်ပွဲကြီးများ ဖြစ်ပေါ်ခဲ့သည်။ မူဆယ် နယ်စပ်ကုန်သွယ်ရေး လမ်းကြောင်း ၅ ရက်ခန့် ပိတ်ဆို့သွားသည်။ ပြင်းထန်သော လေကြောင်းပစ်ကူ၊ မြေပြင်လက်နက်ကြီး ပစ်ကူများ ဖြင့် တိုက်ခိုက်ကြရသည့် စစ်ဆင်ရေးတစ်ရပ် ပေါ်လာခဲ့သည်။

ထို့နောက် တိုက်ပွဲများ သည် ရှမ်းပြည်မြောက်ပိုင်း နမ့်ဆန်ဒေသဘက်တွင် လည်းကောင်း၊ ကချင်ပြည်နယ်အတွင်းရှိ ဂီဒွန်တောင်ကြောနှင့် KIA ရင်း ၃ ဘက်တို့ တွင် လည်းကောင်း ဒီဇင်ဘာလနှင့် ဇန်နဝါရီလများ တွင် ဆက်လက်၍ ပြင်းထန်စွာ ဖြစ်ပွားသည်။ ဇန်နဝါရီ လကုန်ပိုင်းမှ စ၍ ဖေဖော်ဝါရီလအထိ ကိုးကန့်ဒေသ၊ မော်ထိုက်မြို့နယ်ခွဲအတွင်း မြောက်ပိုင်း မဟာမိတ်နှင့် တိုက်ပွဲများ ဆက်လက် ဖြစ်ပွားသည်။ မတ်လဆန်းတွင် ကိုးကန့်ဒေသ၊ လောက်ကိုင်၊ ရန်လုံကျိုင်ဒေသ နေရာအနှံ့အပြားတွင် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားသည်။ ကိုးကန့်ဒေသတွင် စစ်ဘေးဒုက္ခသည် ၇၀၀၀၀ ခန့် ထွက်ပြေးတိမ်းရှောင်ကြရသည် ဟု ဆိုသည်။ ၂၀၁၇ ခုနှစ် မတ်လ ၂၈ ရက်နေ့မှစ၍ ကိုးကန့်ဒေသ တရုတ်-မြန်မာ နယ်စပ်တစ်လျှောက် တရုတ်စစ်တပ်မှ ကျည်အစစ်ဖြင့် စစ်ရေးလေ့ကျင့်ခန်း စတင်သည် ဆိုသည့်နောက်ပိုင်းမှ စစ်ရှိန် လျော့ကျသွားသည်။

စစ်ပွဲများ အတွင်း မြောက်ပိုင်း မဟာမိတ်အဖွဲ့မှ လည်း အင်အားထောင်နှင့်ချီ သုံးစွဲခဲ့သကဲ့သို့ တပ်မတော်မှ လည်း အင်အားထောင်နှင့်ချီ သုံးစွဲခဲ့ပြီး လက်နက်ကြီးပစ်ကူ၊ လေကြောင်းပစ်ကူများ ပြင်းထန်စွာ အသုံးပြုခဲ့ကြသည်။ နှစ်ဖက်ကျဆုံး၊ ဒဏ်ရာရနှင့်ပတ်သက်ပြီး တရားဝင် ထုတ်ပြန်မှုများ မပြုလုပ်ကြသော်လည်း နိုင်ငံ

တကာ အကဲခတ်နှင့် မြေပြင် သတင်းများ အရ နှစ်ဖက် ထိခိုက်၊ ကျဆုံး၊ ဒဏ်ရာရရှိမှုသည် ထောင်ကျော်သည် ဟု ဆိုကြပါသည်။

တစ်ချိန်တည်းတွင် မြောက်ပိုင်း မဟာမိတ်အဖွဲ့များ နှင့် ဒေသ ဆက်စပ်နေသော SSPP/SSA ဒေသတွင် လည်း စစ်ရေးခြိမ်းခြောက်မှုများ ဖြစ်ပွားလာခဲ့သည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၁၀ ရက် ခန့်က SSPP/SSA ထိန်းချုပ်ရာဒေသ မိုင်းရှူးမြို့ မြောက်ဘက် ၁၀ မိုင်အကွာရှိ လွယ်နိုင်းတောင်မှ လွယ်ချိုတောင်သို့ လည်းကောင်း၊ ထိုမှ တစ်ဆင့် သံလွင်မြစ် တာ့ဝန်းနောင် ကူးတို့ ဆိပ်သို့ လည်းကောင်း ကားလမ်း ဖောက်လုပ်ရန် တပ်မတော်မှ စစ်ဗျူဟာတစ်ခု စေလွှတ်မည် ဆိုရာမှ တင်းမာမှုများ ဖြစ်ပွားခဲ့သည်။ ၂၀၁၇ ခုနှစ် ဇန်နဝါရီလ ၂၁ ရက်တွင် တပ်မတော်နှင့် SSPP/SSA တပ်ဖွဲ့များ မိုင်းရှူးမြောက်ဘက်တွင် တိုက်ပွဲ နှစ်ကြိမ်ခန့် ဖြစ်ပွားခဲ့သော်လည်း စစ်ရှိန် လျှော့ချနိုင်ခဲ့သည်။

NCA လက်မှတ်မထိုးသူများ နိုင်ငံရေးဆွေးနွေးပွဲ လမ်းကြောင်းတွင် ပါဝင်ခွင့်မရှိဟု ရပ်တည်ထားသည့်အပြင် ထိုအဖွဲ့များ ၊ အထူးသဖြင့် မြောက်ပိုင်းရှိ လက်နက်ကိုင် အဖွဲ့များ နှင့် ပြင်းထန်စွာ တိုက်ပွဲဖြစ်ပွားနေရာ NCA ကို ငြင်းပယ်ထားသည့် UWSA အနေဖြင့် တစ်ချိန်မဟုတ် တစ်ချိန် ရောက်လျှင် ထိုစစ်မီးပွားသည် သူတို့ ထံ ရောက်လာနိုင်သည် ကို တွက်ဆထားပေရာ ထို့အတွက် ရင်ဆိုင်နိုင်ရန် ပြင်ဆင်ထားရှိဖို့ လိုအပ်နေသည့် အကြောင်းအချက်များ အောက်တွင် ၂၀၁၇ ဖေဖော်ဝါရီလ ၂၂ ရက်မှ ၂၄ ရက်အထိ ပန်ဆန်း အစည်းအဝေး ထပ်မံ ထွက်ပေါ်လာသည် ဟု သုံးသပ်ရပေသည်။

## ပန်ဆန်းကြေညာချက်နှင့် ပြောင်းလဲမှုများ

၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၂၄ ရက်တွင် ထုတ်ပြန်ခဲ့သော ပန်ဆန်း ကြေညာချက်သည် NCA လမ်းကြောင်းအတိုင်း သွားနေသော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် စိန်ခေါ်မှုတစ်ခု ဖြစ်လာခဲ့တော့သည် ။ ပန်ဆန်း ကြေညာချက်၏ အဓိက ဖော်ပြချက်မှာ လက်ရှိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အစိုးရနှင့် တပ်မတော်တို့ အဓိက ဆုပ်ကိုင်ထားသည့် NCA အား လုံး၀ ငြင်းပယ်လိုက်ပြီး လမ်းကြောင်းသစ်တစ်ခု ဖော်ဆောင်ရန် ဖြစ်ပေသည် ။ ပန်ဆန်း ဆွေးနွေးပွဲတွင် တက်ရောက်ကြသည့် အဖွဲ့ခုနစ်ဖွဲ့မှ ကိုယ်စားလှယ်များ နှင့် ကော်မတီတစ်ရပ် ဖွဲ့စည်း၍ အစိုးရနှင့် ဆွေးနွေးပြီး ငြိမ်းချမ်းရေး လမ်းကြောင်းသစ် ရှာသွားမည်ဟု ဆိုသည် ။

ဤသို့ ပန်ဆန်း ကြေညာချက် ထွက် လာပြီး ငြိမ်းချမ်းရေး လုပ်ငန်းစဉ်နှင့် ပတ်သက်သူတိုင်း လှုပ်လှုပ်ခတ်ခတ် ဖြစ်သွားခဲ့သည် ဟု ဆိုရမည်။ ထို့ပြင် ထိုထုတ်ပြန်ချက်နောက် လှုပ်ရှားမှုများ သွက်လက် မြန်ဆန်လာပေတော့သည် ။

ပန်ဆန်း ကြေညာချက် ထွက် လာပြီး မကြာမီ ၂၀၁၇ ခုနှစ် မတ်လ ၂ ရက်နေ့တွင် နေပြည်တော်၌ ငြိမ်းချမ်းရေး ကော်မရှင်နှင့် UNFC ၏ နိုင်ငံရေးဆွေးနွေးမှု ကိုယ်စားလှယ်အဖွဲ့ တွေ့ဆုံရာတွင် UNFC မှ တင်ပြသော အချက် ၉ ချက်အား မူအားဖြင့် သဘောတူသည် ဟု ဆိုပါသည် ။ NLD အစိုးရသစ်တက်ပြီး တစ်နှစ်ကျော် ညှိနှိုင်းမရခဲ့သည့် အချက် ၉ ချက်သည် လျင်မြန်စွာပင် သဘောတူခဲ့ကြသည် မှာ ပန်ဆန်း ကြေညာချက် ဂယက်ဟု သုံးသပ်ရသည် ။ ထို့နောက် မတ်လ ၁၂ ရက်နှင့် ၁၃ ရက်တွင် ကျင်းပသော UNFC အစည်းအဝေးတွင် ပန်ဆန်း အစည်းအဝေးတွင် ပါသောအဖွဲ့နှင့် မပါသော အဖွဲ့များကြား သဘောထားကွဲလွဲမှုများ ထွ

က်ပေါ်သည် ဟူသော သတင်းများ ထွက်ပေါ်လာခဲ့ပြီး UNFC ညီလာခံ ရွှေ့ဆိုင်းကြောင်း ကြေညာသည် ကို တွေ့ခဲ့ရသည် ။ ပန်ဆန်း ညီလာခံ ဆုံးဖြတ်ချက်အရ နိုင်ငံရေးဆွေးနွေးညှိနှိုင်းမှု ကိုယ်စားလှယ်အဖွဲ့ ဖွဲ့စ ည်းရန် UWSA၊ NDAA၊ KIA၊ SSPP MNDAA၊ TNLA၊ AA အဖွဲ့ခုနစ်ဖွဲ့မှ ကို ယ်စားလှယ် စာရင်းများ မတ်လ ၃၁ ရက်နေ့ နောက်ဆုံးထား ပေးပို့သ ည် ဟူသည့် သတင်းများ ပေါ်ထွက်ခဲ့သည် ။

ထိုမတ်လ ၃၁ ရက်နေ့မှာ ပင် NMSP၊ KNPP၊ ANC၊ LDU၊ WNO အဖွဲ့ ငါးဖွဲ့ NCA လက်မှတ်ထိုးမည်ဟူသော သတင်းကို နိုင်ငံတော် အတိုင်ပင် ခံရုံးက ထုတ်ပြန်ခဲ့သည် ။ UNFC ကွဲပြီလောဟူသည့် မေးခွန်းများ ထွက် ပေါ်လာသည် ။ သို့သော် ထိုသတင်း မဟုတ်မှန်ကြောင်း၊ မိမိတို့ ဆုံးဖြ တ်ချက် မချရသေးကြောင်း UNFC အဖွဲ့ဝင်များက ပြန်လည် တုံ့ပြန်သ ည် ။ ဤဖြစ်စဉ်မှာ နယ်မြေအနေအထား၊ စစ်ရေးဆက်စပ်မှု အနေအ ထားအရ KIA နှင့် SSPP တို့ မှာ မြောက်ပိုင်း အဖွဲ့များ နှင့် ပူးပေါင်း ရပ် တည်ရမည်ဖြစ်ပြီး၊ NMSP နှင့် KNPP မှာ နယ်မြေအရ မြောက်ပိုင်းနှင့် ဆက်စပ်မှု မရှိသည့်အပြင် အင်အားမှာ ရာဂဏန်းမျှသာ ရှိသည် ။ KNP P အနေဖြင့် ခက်ခဲစွာ ရပ်တည်၍ ရသော်လည်း NMSP မှာ လက်မှတ် ထိုးထားသော အဖွဲ့များ ၊ BGF နယ်ခြားစောင့် တပ်များကြားတွင် ညပ် နေသည့်အပြင် မကြာမီကမှ စစ်ရေးအရ ခြိမ်းခြောက်ခံထားရကာ အကျပ်အတည်း ကြီးမားသည် ။ ANC၊ LDU၊ WNO တို့ မှာ တပ်နှင့် ထိန်း ချုပ်ဒေသ မရှိပေရာ ထိုငါးဖွဲ့မှာ မူ မုချ NCA လက်မှတ်ထိုးရမည်ဟု တွ က်ဆကြပုံ ရသကဲ့သို့ ထိုသို့ ဖြစ်လာအောင်လည်း ကြိုးစားကြသူများ ရှိကြပုံရသည် ။ ထို့ပြင် NMSP မွန်နှင့် KNPP ကရင်နီတို့ မှာ လက်နက် ကိုင် အင်အား နည်းသော်လည်း ပြည်နယ်အဆင့် သတ်မှတ်ခံပြီးသား တိုင်းရင်းသားလူမျိုးများ ဖြစ်ကြပေရာ သက်ဆိုင်ရာ ပြည်နယ်အလိုက်

နိုင်ငံရေးပြဿနာ ဖြေရှင်းရာတွင် နိုင်ငံရေးအရ မျက်နှာပန်းလှသည်ဟု တွက်ဆဖွယ်ရာ ဖြစ်သည် ။

ဤသို့သော အခြေအနေအောက်တွင် UNFC နှင့် ဆက်စပ် အစည်းအဝေးများကို ၂၀၁၇ ခုနှစ် ဧပြီလ ၂ ရက်နေ့မှ ၉ ရက်နေ့အထိ ပြန်လည်ကျင်းပ၍ လက်ရှိ UNFC အဖွဲ့ဝင်များ ကြားနှင့် NCA လက်မှတ် ထိုးထားသော တိုင်းရင်းသား အဖွဲ့ဝင်များကြား ဆွေးနွေးပွဲများ ပြန်လည် ပြုလုပ်သည် ကို တွေ့ရသည် ။ ထိုဆွေးနွေးပွဲများ အတွင်း မေးမြန်း ပြောဆိုချက်များ အရ UNFC သည် NCA မူအတိုင်း သွားမည်ဟု ဆိုသည် ။ NCA နှင့် အဆိုပြုထားသော အချက် ၉ ချက်အနက် ၇ ချက်ကို ပြန်လည် ဆွေးနွေးရဦးမည်ဟု ဆိုသည် ။ UNFC ၏ ကိုင်စွဲသော NCA မူအား UNFC ကိုယ်စားလှယ်များက UWSA အား သွားရောက် ရှင်းလင်းပြမည်ဟု ဆိုသည် ။

သို့သော် KIA ခေါင်းဆောင် ဒူကဘာအင်ဘန်လက "ဒေသန္တရ အရလည်း ကျွန်တော်တို့ အခုချိန်မှာ ဆိုရင် မဖြစ်မနေ မြောက်ပိုင်းအဖွဲ့ဟာလည်း စုစည်းရမယ့် အခြေအနေမှာ ရောက်နေပါတယ်။ မစုစည်းလို့ ရှိရင် ပိုပြီးတော့ ဆုံးရှုံးမှုတွေ ဖြစ်လာနိုင်တယ်။ အဖွဲ့အစည်း အချင်းချင်းထဲမှာ လည်း မတူကွဲပြားမှု ရှိပြီးတော့ တစ်ဖွဲ့နဲ့ တစ်ဖွဲ့ ခိုက်ရန်ဖြစ်မှု၊ ဒါတွေလည်း မလွှဲမရှောင်သာ ဖြစ်လာမယ့် အခြေအနေတွေ ရှိနေပါတယ် ။ ဒါကြောင့် မြောက်ပိုင်း အခြေအနေကို အားလုံးက နားလည်ပြီး အကြံကောင်း ဉာဏ်ကောင်း ပေးကြဖို့ ကိုလည်း အားလုံးကို နှိုးဆော်အပ်ပါတယ်"ဟု ဆိုခဲ့သည် ။ ထို့အတူပင် NMSP ခေါင်းဆောင် ဆရာနိုင်ဟံသာကလည်း UWSA ခေါင်းဆောင်သော နိုင်ငံရေး ညှိနှိုင်းမှုအဖွဲ့နှင့် တွေ့ဆုံရေး ပြင်ဆင်ရန် တိုက်တွန်းခဲ့သည် ဟု ဧရာဝတီသတင်းတွင် ဖော်ပြခဲ့သည် ။

ဧပြီလ ၂ ရက်နေ့မှ ၉ ရက်နေ့ကြား လုပ်ဆောင်ခဲ့သည့် UNFC အစည်းအဝေး၊ UNFC နှင့် NCA လက်မှတ်ထိုးပြီးသော အဖွဲ့များ အစည်းအဝေး ကာလတွင် ငြိမ်းချမ်းရေး ကော်မရှင်မှ တာဝန်ရှိသူများ အလွတ်သဘော လာရောက် တွေ့ဆုံခဲ့သည် ဟု ဆိုသည် ။ ထို့အတူ မတ်လကုန်ပိုင်း ကလည်း UNFC မှ တစ်ဦး ရန်ကုန်သို့လာ၍ အလွတ်သဘော တွေ့ဆုံမှု ရှိခဲ့သည် ဟု ဆိုပါသည် ။ သို့သော် အချုပ်ဆိုရလျှင် KIA နှင့် SSPP/ SSA တို့ ကမူ UWSA ဗဟိုပြုသည့် မြောက်ပိုင်း မဟာမိတ်အဖွဲ့တွင် မလွဲမရှောင်သာ ပါဝင် သွားဖွယ်ရှိပြီး ဤသို့သော မတူညီသော အခြေအနေ၊ အကြောင်းအချက်များ အောက်တွင် တိုင်းရင်းသားအဖွဲ့များ ရပ်တည် လုပ်ကိုင်ကြသည် ကို တိုင်းရင်းသားအဖွဲ့ချင်း အပြန်အလှန် နားလည်မှု တည်ဆောက်ရန် ညှိနှိုင်း နိုင်ခဲ့ကြသည် ဟု ဆိုရပါမည်။ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့များ အနေဖြင့် ပြည်မအစိုးရအား ရင်ဆိုင်ရန်အတွက် တတ်နိုင်သမျှ စုစည်းကြရန် အားထုတ်ကြသော်လည်း တစ်ဖွဲ့စီ၏ နယ်မြေ အခြေအနေ၊ အဖွဲ့အစည်း အခြေအနေများ မတူညီမှုကြောင့် တညီတညွတ်တည်း လုပ်ဆောင်ရန် အကန့်အသတ် ရှိပေရာ မတူကွဲပြားသည့် ပုံစံများ ဖြင့် ရင်ဆိုင်ရလေ့ရှိပြီး ထိုအခြေအနေအောက်တွင် တိုင်းရင်းသား အဖွဲ့များ ၏ ပေါင်းစည်းမှုမှာ အကန့်အသတ်ရှိပြီး အပြန်အလှန် နားလည်မှု ပေးရန်သာ ကြိုးစားနေကြရသည် ဟု သုံးသပ်ရသည် ။

သို့ဖြစ်ရာ မြန်မာပြည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်တွင် NCA နှင့်အပြိုင် ပေါ်ထွက် လာဖွယ်ရှိသော လမ်းကြောင်းတစ်ခုအား မည်သို့ ကိုင်တွယ် ဖြေရှင်းမည် ဆိုသည် မှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ် အောင်မြင်ရေး အတွက် အရေးပါသော အခြေအနေ ဖြစ်လာပေတော့သည် ။

## UWSA ဗဟိုပြုသည့် မြောက်ပိုင်းတပ်ပေါင်းစု

မြန်မာပြည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်အတွင်း အကြောင်းအချက်များ စွာ တိုက်ဆိုင်၍ ပေါ်ပေါက်လာရန် တာစူနေသ ည့် တပ်ပေါင်းစုသည် အသစ်ဖြစ်သည် ။ အခြေခံအားဖြင့် NCA လက်မှ တ်ထိုးရန် မလိုဟူ၍ ရပ်ခံထားသော UWSA နှင့် NDAA မိုင်းလားတို့ မှ ရွေးချယ်လိုက်သည့် လမ်းကြောင်းသစ် ဖြစ်သည် ။ ပင်မ ရပ်တည်သူမှ UWSA ဖြစ်ပြီး NDAA မိုင်းလားအဖို့ ကတော့ သူနှင့် UWSA တို့ ၏ ဆက် စပ်နေသော နယ်မြေ အနေအထားအရ မလွှဲမရှောင်သာ လိုက်ပါရမည့် လမ်းကြောင်းဖြစ်သည် ။ MNDAA၊ TNLA၊ AA တို့ အတွက်လည်း NCA လ မ်းကြောင်းတွင် ပါဝင်ရန် ငြင်းပယ်ခံထား ရသည့်အပြင် စစ်ရေးအရ တို က်ပွဲများ ရင်ဆိုင်နေရချိန်တွင် ရွေးချယ်လိုက်သည့် နိုင်ငံရေးထွက်ပေါ က် ဖြစ်သည် ။ KIA နှင့် SSPP တို့ အဖို့ လည်း စစ်ရေးအရ ဖိအားပေးခံ နေရသည့် စစ်ရေးအခြေအနေကို ရေရှည် တွက်ဆပြီး ရွေးချယ်လိုက် သော လမ်းကြောင်း ဖြစ်သည် ။ UNFC က တောင်းဆိုသော အချက် ၉ ချ က်ကို မူအရ သဘောတူသည် ဟု ငြိမ်းချမ်းရေး ကော်မရှင်က ထုတ်ပြန် ခဲ့သော်လည်း လက်ရှိ စစ်ရေး အခြေအနေများ အရ KIA နှင့် SSPP အဖို့ UWSA အပါ မြောက်ပိုင်းအဖွဲ့များ နှင့် စစ်ရေးအရ သော်လည်းကောင်း၊ စစ်လက်နက်ပစ္စည်း ရယူမှုအရ လည်းကောင်း ကင်းကွာရန် ဖြစ်နိုင်ပုံမ ရတော့ပေ။

တပ်မတော်အနေဖြင့် ပြီးခဲ့သော နှစ် ၇၀ ကြာ အတွေ့အကြုံများ အ ရ စစ်ရေးအရ ဖိအားပေးခြင်းကို လိုအပ်သလို သုံးစွဲခဲ့သည် ။ ထိုသို့ အ သုံးပြုခြင်းကြောင့် တပ်မတော်အတွက် အကျိုးရှိသည့် အခြေအနေများ

လည်း ရရှိခဲ့သည် ။ သို့သော် လက်ရှိ မြောက်ပိုင်းစစ်ပွဲတွင် စစ်ရေးဖိအားများ ၊ ပြင်းထန်သော တိုက်ပွဲများ နှင့်အတူ တိုင်းရင်းသား တပ်ပေါင်းစု အသစ်တစ်ခု ပေါ်ထွက် လာသည် ကို တွေ့ရသည် ။ စစ်ရေးဖိအားများက အရွေ့တစ်ခုကို တွန်းထုတ်လိုက်သည် ဟု ဆိုနိုင်သည် ။ အဆိုးနှင့် အကောင်းသည် ဒွန်တွဲ ရှိ၍ နေသည် ဟု ဆိုရမည်။ အသစ်ပေါ်လာရန် တာစူနေသည့် အဖွဲ့ခုနစ်ဖွဲ့ပါ တပ်ပေါင်းစုသည် (လက်နက်ကိုင် အင်အားအရ UWSA အင်အား ၂၅၀၀၀ မှ ၃၀၀၀၀ ထိ၊ NDAA မိုင်းလား ၇၀၀၀ ခန့်၊ KIA ၁၅၀၀၀ ခန့်၊ SSPP/ SSA ၁၀၀၀၀ ခန့်နှင့် MNDAA + TNLA + AA အင်အား ၁၅၀၀၀ ခန့်) စုစုပေါင်း လက်နက်ကိုင် အင်အား ၇၀၀၀၀ ခန့် ရှိနိုင်ပြီး လက်ရှိ တိုင်းရင်းသား လက်နက်ကိုင်တပ်ဖွဲ့ အင်အား အားလုံး၏ ၇၀% မှ ၇၅% ထိ ရှိနေသည် ။ ဤသို့သော အခြေအနေအောက်တွင် အဆိုပါ မြောက်ပိုင်းခုနစ်ဖွဲ့ ပြဿနာသည် တိုင်းပြည်ငြိမ်းချမ်းရေး ၊ စစ်ပွဲ ရပ်စဲရေးအတွက် အရေးပါသော အစိတ်အပိုင်း ဖြစ်၍ နေသည်ကို မျက်ကွယ်ပြုရန် မဖြစ်နိုင်ပေ။

အစိုးရနှင့် တပ်မတော်အနေဖြင့် UWSA၊ NDAA တို့ နှင့် ဆွေးနွေးရန် မခက်ခဲသော်လည်း MNDAA၊ TNLA၊ AA တို့ နှင့် ပတ်သက်ပြီး ယခင် သဘောထားအတိုင်း ဆက်လက် ရပ်ခံထားပါက တွေ့ဆုံ ဆွေးနွေးရန် အခက်အခဲ ရှိနေဦးမည် ဖြစ်သည် ။ လက်ရှိ မြန်မာပြည် ငြိမ်းချမ်းရေးအတွက်၊ စစ်မီးငြိမ်းရန်အတွက် ထိုသုံးဖွဲ့၏ လက်ရှိ အနေအထားကို မှန်ကန်စွာ ကြည့်မြင် ဆုံးဖြတ်ရန် လိုအပ်ပေသည် ။ အချိန်ကာလ မကြာသေးမီကမှ ပြန်လည် ထွက်ပေါ်လာသော အဖွဲ့များ ဖြစ်သော်လည်း အချိန်တိုတွင်း အင်အားကြီးထွားလာမှု၊ သက်ဆိုင်ရာ တိုင်းရင်းသားလူမျိုးတို့ ၏ ကိုယ်စီ ထောက်ခံမှုအား ထည့်သွင်း တွက်ချက်ရန် လိုသည် ။ ထို့ပြင် လက်ရှိအချိန်တွင် UWSA ဗဟိုပြုသည့် တပ်ပေါင်းစုသည် နိုင်ငံ

ရေးအရ စုဖွဲ့မှုသာ ဖြစ်နေသေးသော်လည်း အခြေအနေ အချိန်အခါပေါ် မူတည်၍ စစ်ရေးတပ်ပေါင်းစုသို့ ပြောင်းလဲ နိုင်သည် ကို သတိပြုရန် လိုပါသည် ။ အပ်နှင့် ထွင်ရမည့်အစား ပုဆိန်နှင့် ထွင်းရသည့် အဖြစ်မျိုး မရောက်ရန် လိုအပ်ပါသည် ။

အချုပ်ဆိုရလျှင် လက်ရှိ စိုင်းပြင်းနေကြသည့် UWSA ဗဟိုပြုသည့် တပ်ပေါင်းစုအသစ်၏ နိုင်ငံရေး ဆွေးနွေးမှုအား တပ်မတော်က မည်သို့ တုံ့ပြန် ကိုင်တွယ်ဖြေရှင်းမည် ဆိုသည် မှာ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် အရေးပါသော ပြဿနာတစ်ရပ်ဟု ဆိုရပေတော့မည်။

## တပ်မတော်

လက်ရှိ ၂၀၀၈ အခြေခံဥပဒေအရ တပ်မတော်၏ အခန်းကဏ္ဍသည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် အရေးပါသော အခန်းမှ ပါနေသည် ။ တိကျစွာ ပြောရလျှင် တပ်မတော်၏ သဘောတူညီချက် မရဘဲ ငြိမ်းချမ်းရေးလုပ်ငန်းစဉ် ရှေ့ဆက်၍ မရနိုင်ပေ။ ထိုသို့သော အခြေအနေတွင် KNU ဥက္ကဋ္ဌ မူတူးစေးဖော တောင်းဆို သကဲ့သို့ပင် တပ်မတော်မှ မူဝါဒဆိုင်ရာ ဖြေလျှော့မှုပြုလုပ်ပေးရန် လိုအပ်နေပေသည် ။ အင်အားသုံး တိုက်ခိုက်မှုများကို ရပ်တန့်ထားရန် လိုအပ်နေပေသည် ။

တပ်မတော်က အပစ်အခတ်ရပ်စဲကြောင်း တစ်ဖက်သတ်ကြေညာပြီး ငြိမ်းချမ်းရေး ဆွေးနွေးသည် ကို ယခင် မြန်မာစစ်ဘက်ခေါင်းဆောင် ဗိုလ်နေဝင်း လက်ထက်က ၁၉၆၃ ခုနှစ်တွင် တစ်ကြိမ်၊ ၁၉၈၀ ခုနှစ်တွင် တစ်ကြိမ် ပြုလုပ်ခဲ့ဖူးသည် ။ အနှစ် ၇၀ မြောက် ပြည်ထောင်စုနေ့တွင် ဒေါ်အောင်ဆန်းစုကြည်က တိုင်းရင်းသား

လက်နက်ကိုင်များ အနေဖြင့် NCA လက်မှတ်ထိုး၊ ဆွေးနွေးပွဲတက်ပြီး မကျေနပ်ပါက ပြန်ထွက်၍ ရသည် ဟု ဆိုသကဲ့သို့ တပ်မတော် အနေဖြင့်လည်း အင်အားသုံး တိုက်ခိုက်ခြင်းများ ရပ်တန့်၍ နိုင်ငံရေးအရ အရင်ဆွေးနွေး အဖြေရှာကြည့်ပြီး မအောင်မြင်ပါကပြန်လည်တိုက်ခိုက်၍ ရသည် ဟု ဆိုရမည်။

သို့ဖြစ်၍ နိုင်ငံရေး ဆွေးနွေးပွဲများ ရှေ့ဆက်နိုင်မည့် အလှည့်အပြောင်း တစ်ခုအတွက် တပ်မတော်၏ သဘောထားသည် လည်း အရေးပါသည့် အခန်းက ပါဝင်နေသည် ဟု ဆိုရမည်။

## NLD **အစိုးရ**

NLD အစိုးရဆိုလျှင် ဒေါ်အောင်ဆန်းစုကြည်သည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို အဓိက ဦးစားပေး လုပ်ဆောင်ခဲ့သည် ဆိုသော်လည်း အစိုးရပက်တမ်း တစ်နှစ်ခန့် ကြာသောအခါ အခြေအနေသည် ရှေ့မတိုးသာ၊ နောက်မဆုတ်သာ အခြေအနေကို ရင်ဆိုင်နေရသည် ။ ထို့ပြင် တွေ့မြင်နေရသည့် အချက်တစ်ခုမှာ ရွေးကောက်ပွဲ မတိုင်မီက ဒေါ်အောင်ဆန်းစုကြည်နှင့် ပတ်သက်ပြီး တိုင်းရင်းသား ပြည်သူများ ၊ တိုင်းရင်းသားပါတီများ ၊ တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ မျှော်လင့်ချက်ကြီးစွာ ထားခဲ့သော်လည်း တစ်နှစ်ခန့်အကြာတွင် ထိုမျှော်လင့်ချက်များ ကျဆင်းသွားခြင်းပင် ဖြစ်သည် ။

တိုင်းရင်းသားများအား ထိုသို့ ဖြစ်ပေါ်လာစေသည့် အချက်မှာ ရွေးကောက်ပွဲ အနိုင်ရပြီးနောက် တိုင်းရင်းသား ပြည်နယ်များ တွင် ပြည်နယ်အစိုးရ ဖွဲ့စည်းသောအခါ ရွေးကောက်ပွဲတွင် ရလဒ်ကောင်းခဲ့သော

တိုင်းရင်းပါတီများကိုပင် ဆွေးနွေးဖက်ဟု သဘောထားပြီး ညှိနှိုင်း ဆွေးနွေးမှု မရှိခဲ့ခြင်း၊ ပထမ အကြိမ် ၂၁ ရာစု ပင်လုံအပြီး ရှမ်းမြောက် နှင့် ကချင် ပြည်နယ်တွင် တိုက်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားခြင်း၊ NCA မူ ကို ဆုပ်ကိုင် ခြင်းကြောင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်မှာ ယခင်အစိုးရနှင့် ကွဲပြားမှုမရှိဟု ယူဆသွားခဲ့ခြင်း၊ ဒေါ်အောင်ဆန်းစုကြည်၏ ငြိမ်းချမ်း ရေး လုပ်ငန်းစဉ်နှင့် ပတ်သက်၍ ပြောဆိုချက်များ သည် သဘောတရား ဆန်လွန်းပြီး လက်တွေ့ကျသည့် ဆုံးဖြတ်ချက်များ ညှိနှိုင်းပေးနိုင်ခြင်း မရှိသောကြောင့်ဟု သုံးသပ်ကြသည် ။ ထို့ပြင် ငြိမ်းချမ်းရေး လုပ်ငန်းစ ဉ်အတွင်း ဒေါ်အောင်ဆန်းစုကြည် ပြောဆိုခဲ့သည့် "ကိုယ်က ဘာပေးမ လဲ အရင်စဉ်းစားပါ" "NCA ကို သတ္တိရှိရှိ လက်မှတ်ထိုးကြပါ"၊ "ကိုယ် လိုချင်တာ လွယ်လွယ်ရမယ်ထင်လို့ လက်နက်ကိုင်ကြတာ" ဆိုသည့် စ ကားများ သည် တိုင်းရင်းသားများအား စည်းရုံး သိမ်းသွင်းနိုင်ခြင်း မရှိ သည့်အပြင် ယုံကြည်မှုပါ လျော့ပါးစေခဲ့သည် ။

လက်ရှိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်ကို ဦးဆောင်နေသည့် အောင်ဆန်းစုကြည်နှင့် NLD အစိုးရသည် ၂၀၀၈ အခြေခံဥပဒေ ကန့်သ တ်မှုကြောင့် ရွေးကောက်ခံအစိုးရ ဖြစ်နေသော်လည်း တပ်မတော်၏ သ ဘောတူညီချက် မရပါက ငြိမ်းချမ်းရေး လုပ်ငန်းစဉ် ဖော်ဆောင်ရန် အ ကန့်အသတ် များ စွာရှိသည် ဆိုသည် ကို အားလုံးက လွယ်ကူစွာ မြင်နို င်သည် ။ သို့သော် ထိုအခြေအနေ အောက်မှာ ပင် တိုင်းရင်းသားတို့ ၏ ယုံကြည်မှု ရရှိအောင် တည်ဆောက်နိုင်ရန် လိုအပ်နေပေသည် ။ တိုင်းရ င်းသားတို့ ၏ ယုံကြည်မှု ရရှိပါမှ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ဒေါ် အောင်ဆန်းစုကြည် အနေဖြင့် အောင်မြင်စွာ ခေါင်းဆောင်နိုင်ပေမည်။

# နိဂုံး

ဒေါ်အောင်ဆန်းစုကြည် NLD အစိုးရ၊ တပ်မတော်၊ NCA ထိုးပြီး အဖွဲ့များ ၊ NCA မထိုးရသေးသည့် အဖွဲ့များ အားလုံးအတွက် ပြည်တွင်းပြည်ပ အခြေအနေများ အောက်တွင် ကိုယ်စီကိုယ်စီ နည်းလမ်းရှာကြရမည့် အချိန် မြန်မာပြည် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အတွက် အလှည့်အပြောင်းတစ်ခု လိုအပ်နေသည့် အချိန်ဟု ဆိုရပါမည်။

ထိုအချိန်ကာလတွင် မြန်မာ့ငြိမ်းချမ်းရေး လုပ်ငန်းစဉ် တစ်ဆင့်တိုးအောင်မြင်နိုင်ရန် အတွက် အောက်ပါအချက်များကို အလေးထားရန် လိုအပ်ပေမည်။

၁။ ပြီးခဲ့သော ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တစ်လျှောက် NCA ကို ကိုင်စွဲ လုပ်ဆောင်ခဲ့သည် ဖြစ်ရာ NCA ၏ အားသာချက်၊ အားနည်းချက်များကို ပြန်လည် သုံးသပ်ရန် လိုအပ်ပေသည် ။

၂။ NLD အစိုးရသက်တမ်း တစ်နှစ်ပြည့်သည် အထိ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့ အားလုံး မပါဝင်နိုင်ဘဲ စစ်ပွဲများ ပြင်းထန်စွာ ဖြစ်ပွားရခြင်းကို ပြန်လည်သုံးသပ်ရန် လိုသည် ။

၃။ UWSA အား ဗဟိုပြု၍ ပေါ်ထွက်လာဖွယ်ရှိသော မြောက်ပိုင်းအဖွဲ့များ ၏ နိုင်ငံရေး ဆွေးနွေးမှုအဖွဲ့အား မည်သို့ ရင်ဆိုင်ဖြေရှင်းရမည် ဆိုသည် ကို ကောင်းစွာ ပြင်ဆင်ထားရှိရန် လိုအပ်သည် ။

၄။ NCA ထိုးရာတွင် ပါဝင်ရန် ငြင်းပယ်ထားပြီး လက်နက်စွန့်ရန် တောင်းဆိုထားခြင်း ခံရသည့် အဖွဲ့သုံးဖွဲ့နှင့် ပတ်သက်၍ ပကတိ မြေပြင်အခြေအနေကို ပြန်လည် သုံးသပ်ရန် လိုအပ်သည် ။ လက်ရှိစစ်မီးသ

ည် ထိုသုံးဖွဲ့မှ အစပြု၍ ကူးစက် ပြန့်ပွားနိုင်သည် ကို ထည့်သွင်းတွက်ချက်ရန် လိုအပ်သည် ။

၅။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ဦးဆောင်ဦးရွက်ပြုနေသူများ အနေဖြင့် တိုင်းရင်းသား လက်နက်ကိုင် အဖွဲ့များ နှင့် တရားဝင် ဆွေးနွေးပွဲများ အပြင် အလွတ်သဘော တွေ့ဆုံမှုများ မကြာမဏ ပုံမှန်လုပ်၍ ပုဂ္ဂိုလ်ရေးရင်းနှီးမှု ရယူခြင်း၊ တစ်ဖက်၏ သဘောထားကို နားလည်ယူခြင်း၊ မိမိတို့ ၏ ပြဿနာကို စတင် ဖြေရှင်းနိုင်မည့် လမ်းစကို ရှာဖွေကြရန် လိုအပ်ပါသည် ။

၆။ တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များ ၏ မတူသော အခြေအနေများကို ခွဲခြားကြည့်မြင် သုံးသပ်၍ ကိုင်တွယ် ဖြေရှင်းရန်လည်း လိုအပ်ပါသည် ။

ဆိုရလျှင် ငြိမ်းချမ်းရေး လုပ်ငန်းစဉ် တစ်နှစ်တာအား မြေပြင် လက်တွေ့ပကတိ အခြေအနေများ နှင့် ပေါင်းစပ်၍ ပြန်လည်သုံးသပ် (Review) လုပ်ခြင်း၊ ပကတိ မြေပြင်အခြေအနေနှင့် မပြတ်ထိတွေ့ခြင်းတို့ ဖြင့် ရှေ့တစ်ဆင့် တွန်းတင်ရန် လိုအပ်သည် ဟု သုံးသပ်ရပါသည် ။

## နောက်ဆက်တွဲ

၁။ ယခုအချိန်တွင် တိုင်းရင်းသား လက်နက်ကိုင်များအားလုံး နိုင်ငံရေး စားပွဲဝိုင်း မရောက်နိုင်သေးသည့်ပြင် NCA လက်မှတ်ထိုးထားသည့် အဖွဲ့ အားလုံး ပြည်နယ်အလိုက် အမျိုးသားအဆင့် နိုင်ငံရေးဆွေးနွေးပွဲကို လုပ်ကိုင်နိုင်ခြင်း မရှိသေး၍ ပြောရန် စောသေးသည် ဟု ဆိုသော်လ

ည်း ငြိမ်းချမ်းရေး လုပ်ငန်းစဉ်တွင် ထည့်သွင်းစဉ်းစား ပြင်ဆင်ထားရှိရန် အကြောင်းအချက် တစ်ခု ရှိပါသည် ။

၄င်းအချက်မှာ လက်နက်ကိုင်ခြင်း မရှိသည့် တိုင်းအသီးသီးရှိ တိုင်းရင်းသားများ ၊ တိုင်းရင်းသား ကိုယ်စားပြုပါတီများ ၊ အဖွဲ့အစည်းများအား ပြည်နယ်နှင့် တိုင်းဒေသကြီးအလိုက် ပြုလုပ်သည့် အမျိုးသားအဆင့် နိုင်ငံရေး ဆွေးနွေးပွဲများ တွင် ပါဝင် ဆွေးနွေးနိုင်ရေးကို အလေးထား ဆောင်ရွက်ရန် လိုအပ်ပေမည်။

ဥပမာအားဖြင့်- စစ်ကိုင်းတိုင်းဒေသကြီး အတွင်းရှိ ကတူး၊ ကနန်းများ ၊ ရှမ်းနီများ ၊ မကွေးကိုင်းဒေသကြီး အတွင်းရှိ မြေပြန့်ချင်းများ ၊ ပဲခူးတိုင်းဒေသကြီး အတွင်းရှိ မွန်များ ၊ ကရင်များ ၊ ဧရာဝတီတိုင်းဒေသကြီးအတွင်းရှိ ကရင်များ ၊ ရှမ်းပြည်နယ်အတွင်းရှိ ဓနုများ စသည့်စသည့် တိုင်းရင်းသားများအား ဒေသအလိုက် အမျိုးသားအဆင့် ဆွေးနွေးပွဲများ တွင် ပါဝင်စေရေးကို အလေးမူ၍ ဆောင်ရွက်ရန် လိုအပ်သည် ။ သို့မှ သာ လက်နက်ကိုင်မှ ဆွေးနွေးခွင့်ရသည့်၊ လက်နက်ကိုင်မှ လူရာဝင်သည့် အခြေအနေ မဟုတ်ဘဲ တိုင်းရင်းသားတိုင်း နိုင်ငံရေးအရ တန်းတူအခွင့်အရေး ရှိသည့် အခြေအနေတစ်ရပ် ဖြစ်ထွန်းလာပြီး စစ်မှန်သော ငြိမ်းချမ်းရေးကို ရှေးရှုနိုင်ပေလိမ့်မည်။

၂။ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အား ကစားပွဲ (Game) တစ်ခုအဖြစ် သဘောမထားကြရန် လိုအပ်ပါသည် ။

***